# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၂၉)


# နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား ယနေ့တွင် နေပြည်တော်ရှိ သားဖွားသင်တန်းကျောင်း၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင် ထိုးနှံပေးကြသည်။

**ကာကွယ်ဆေး ထိုးနှံပေး**

နံနက်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD ထိုးနှံခြင်းကို ဆောင်ရွက်ရာ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးကြောင်း၊ ယခု ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီး သူများအနေဖြင့် ကာကွယ်ဆေးထိုးနှံပြီး ၂၈ ရက်အကြာတွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံသွားရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ယာယီသမ္မတ ဦးမြင့်ဆွေအား ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) ထိုးနှံပေးစဉ်။**

သတင်းစဉ်



## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ကျင်းပခဲ့သည်။ အဆိုပါရွေးကောက်ပွဲ ကျင်းပဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် မမှန်ကန်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပြန်သည့် မဲစာရင်းအပေါ် စိစစ်ချက်များအရ မဲမသမာမှုစုစုပေါင်းမှာ မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ (၄) ပုံ (၁) ပုံ ကျော် (၂၅ ရာခိုင်နှုန်း) ပမာဏရှိသည့် မဲအရေအတွက် (၁၀.၄) သန်းကျော်မှာ မဲမသမာမှုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။ သို့ဖြစ်ရာ တပ်မတော်အနေဖြင့် စာရင်းဇယားများ တရားဝင်ထုတ်ပြန်ခြင်း အကြိမ် (၃၀)၊ တပ်မတော်၏ သဘောထားထုတ်ပြန်ခြင်းများအား ရွေးကောက်ပွဲ မတိုင်မီ (၂) ကြိမ်နှင့် ရွေးကောက်ပွဲအပြီး (၄) ကြိမ် ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲတွင် မမှန်ကန်မှုများအတွက် နိုင်ငံရေးပါတီပေါင်း (၂၀) မှ ကြေညာချက် (၂၆) စောင်ကို ထုတ်ပြန်ခဲ့ပြီး၊ ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုများရှိသည့် မဲစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရှင်းလင်းပြီးစီးမှုမရှိမချင်း တတိယအကြိမ်လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ယင်းတောင်းဆိုချက်ကို ရှင်းလင်းအရေးယူဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်ထိ မြို့နယ် (၉၉) မြို့နယ်၌ ဆန္ဒထုတ်ဖော်မှု (၁၂၄) ကြိမ် ဖြစ်ပွားခဲ့သည်။

ထို့ပြင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် (၂၀၃) ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူရန် တင်ပြချက်အား ငြင်းဆန်ခဲ့သည်။ ယုံကြည်ရသည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်မည်ဆိုပါက ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်မည်ဖြစ်၍ တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ လက်ခံသွားမည်ဖြစ်၍ ပြည်ထောင်စုလွှတ်တော် (သို့မဟုတ်) နိုင်ငံတော်အစိုးရ (သို့မဟုတ်) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် မဲရလဒ်များ မမှန်ကန်ခြင်းကို နည်းလမ်းရှာ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။ တပ်မတော်အနေဖြင့် သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးအား ခေါ်ယူပေးရန် တောင်းဆိုခဲ့သည်။ 

*စာမျက်နှာ ၄ ကော်လံ ၁* ✻




# ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့သည့် ပြည်ထောင်စု

စည်းလုံးညီညွတ်ခြင်းက အင်အားကို ဖြစ်ပေါ်စေသည်။ စည်းလုံးညီညွတ်မှုကင်းမဲ့သောအခါ အင်အားလည်း ကင်းမဲ့သည်။ စည်းလုံးညီညွတ်သည့် လူ့အဖွဲ့အစည်းသည်သာ အပြုသဘောဆောင်၊ အပေါင်းလက္ခဏာသဘောဆောင်၍ ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်၍ရသည်။ ဘေးပယောဂအန္တရာယ်များမှ ကာကွယ်နိုင်သည်။ လူ့သမိုင်းတစ်လျှောက်တွင် စည်းလုံးညီညွတ်သည့် လူ့အဖွဲ့အစည်းသည်သာ အင်အားကြီးမား၍ ပိုင်နက်နယ်ပယ် ကျယ်ပြန့်သလို လူမျိုးတို့၏ အဆင့်အတန်းကို မြင့်မားစေပြီး အခြားလူ့အဖွဲ့အစည်းတို့၏ လေးစားခန့်ညားမှုကို ရရှိခဲ့ကြသည်။

မြန်မာ့သမိုင်းကို ပြန်လှေ့လာကြည့်လျှင်လည်း ထက်မြက်သော ခေါင်းဆောင်မှုနှင့် စည်းလုံးညီညွတ်မှုတို့ တစ်ထပ်တည်းကျခဲ့သည့်ခေတ်ကာလများတွင် ပတ်ဝန်းကျင်နိုင်ငံ၊ ဒေသများထိအောင် မြန်မာတို့၏ ဩဇာကို ဖြန့်ကြက်နိုင်ခဲ့ပြီး နိုင်ငံနှင့် လူမျိုးတို့၏ အဆင့်အတန်းမှာလည်း မြင့်မားခဲ့သည်။ စည်းလုံးညီညွတ်မှုတို့ ပျက်ပြား၍ နိုင်ငံတစ်ဝန်း ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ဖြစ်သောအခါ တိုင်းတစ်ပါးသားတို့၏ ခြေဖဝါးအောက်သို့ ကျွန်သပေါက်အဖြစ် ကျရောက်ခဲ့ရသည်။ စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရသည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် မြန်မာလူမျိုးများ မစီးရသည့် ရထားတွဲများရှိခဲ့သလို မြန်မာနှင့် ခွေး မဝင်ရဟု စာဆွဲထားသည့် ကလပ်များပင် ရှိခဲ့သည်ဟု သိမီခဲ့သူတို့၏ မှတ်တမ်းများတွင် အသည်းနာဖွယ် တွေ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ကိုလိုနီဘဝ ကျရောက်သွားခဲ့ပြီးနောက် အုပ်စိုးသူ နယ်ချဲ့တို့၏ ပညာသားပါ ပရိယာယ်ကြွယ်ဝလှစွာသော သွေးခွဲအုပ်ချုပ်မှုဖြင့် တောင်တန်းနှင့် မြေပြန့်ကို ခွဲခြားအုပ်ချုပ်ခဲ့သလို တိုင်းရင်းသားသွေးချင်းတို့အကြားတွင် သံသယမျိုးစေ့များကို စိုက်ပျိုးခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦးကြားတွင် ယုံကြည်မှုများ ပျက်ပြားအောင် သွေးထိုးခဲ့သည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးမဖြစ်မနေပေးရတော့မည့် အခြေအနေတွင် တောင်တန်းဒေသကို ချန်လှပ်ထားရန် နယ်ချဲ့တို့က ကြိုးပမ်းအားထုတ်ခဲ့ကြပြီး သွေးခွဲရန်တိုက်ပေးခဲ့သော်လည်း တိုးတက်သည့်အမြင်ရှိသော၊ တက်ကြွသော တောင်ပေါ်သားတို့က မြေပြန့်ဒေသများနှင့်အတူ လွတ်လပ်ရေးရယူရန် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်အရေးဆိုခဲ့ကြခြင်းဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

"ငါတို့သည် တမျိုးဘာသာ တစိတ်တဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား။ ကျောသား ရင်သား၊ သူကား ငါကား ခွဲခြားခြင်းကို အလိုမရှိ။ မြစ်ချောင်းသီတာ သမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာသတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင်ရာ မြန်မာနိုင်ငံတော်တစ်ဝှမ်းကို တသွေးတသားတည်းဟူသော ကြိုးထူး၊ တစိတ်တဝမ်းတည်းဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကြိုးထူး၊ ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ" ဟူ၍ လွတ်လပ်ရေး ကြေညာစာတမ်းတွင် ကမ္ဘာသိအောင် ကမ္ပည်းတင်ခဲ့သည့်နည်းတူ မိမိတို့၏ ဇာတိချက်ကြွေ မွေးရပ်မြေ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ မိမိတို့လူမျိုး ကမ္ဘာ့အလယ် ဝင့်ထည်နိုင်ရေးအတွက် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ခေတ်သမိုင်း၏ တာဝန်များကို ကျေပွန်စွာ ထမ်းရွက်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ရမ်ကလေးတို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် မင်းတပ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## တန်းတူညီမျှ အခွင့်အရေးရ ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ၊ တန်းတူညီမျှ တာဝန်ယူကြ လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ




## လဟယ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရန် သင်တန်းဖွင့်

**လဟယ် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရံသင်တန်းကို ယမန်နေ့က ဆော်လော်နောက်အင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရံသင်တန်းသို့ တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင်ပို့ချသည့် ပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင်သင်ယူကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းနှင့် ဝန်ထမ်းများက ကိုဗစ်ရောဂါကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ လက်သမားနှင့် ပန်းရံသင်တန်းကို ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ဆော်လော်နောက်အင်းကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မွေးကြူဇင်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူစဉ်။



ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

# လေရှီးမြို့နယ်အတွင်းရှိ လေရှီး–ဂျီလာ– သာယာ မြေသားလမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**လေရှီး ဖေဖော်ဝါရီ ၅**


နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေ ၅၀ ဒသမ ၃၂၉ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် လေရှီး– ဂျီလာ– သာယာ မြေသားလမ်း အကျယ် ၂၆ ပေ၊ လမ်းဘေးရေမြောင်း သုံးပေအပါအဝင် (၁/၀) မိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ခွင့်ပြုငွေကျပ် ၁၃ ဒသမ ၇၂၄ သန်းဖြင့် (၅ x၅ x၂၆) ပေ အကျယ် ရေထုတ်ပြွန် တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား လေရှီးမြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် လေရှီးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လင်းတို့အဖွဲ့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အဆိုပါ လေရှီး–ဂျီလာ–သာယာ မြေသားလမ်း(၁၃/၀)မိုင်ရှိသည့်အနက် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်(၁၀/၀)မိုင်အားလည်းကောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်(၂/၀)မိုင်အားလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် (၁/၀) မိုင် ဖောက်လုပ်လျက်ရှိရာ ယင်းလမ်းပြီးစီးပါက ကျေးရွာပေါင်း ခုနစ်ရွာ၊ အိမ်ထောင်စု ၂၅၈ စု၊ လူဦးရေ ၁၈၀၀ အတွက် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Christine Schraner Burgener အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆွေးနွေးပြောကြားရာတွင် ရွေးကောက်ပွဲအကြိုကာလအခြေအနေ၊ ရွေးကောက်ပွဲပြီးစီးသည့် နောက်ပိုင်းအခြေအနေနှင့် အရေးပေါ်ကာလကြေညာပြီးနောက်ပိုင်းအခြေအနေ အသေးစိတ်အား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်၊ UEC ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် တည်ဆဲပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှု၊ သတင်းထုတ်ပြန်မှု၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့မှု၊ UEC ထံသို့ (၁၀ ဒသမ ၄) သန်းကျော် မဲစာရင်းထပ်နေမှုအား ပွင့်လင်းမြင်သာစွာ ဖြေရှင်းပေးနိုင်ရေး တင်ပြမှုနှင့် UEC မှ တုံ့ပြန်မှုတို့ကိုလည်းကောင်း၊ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပခွင့်ကို လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှ လက်မှတ်ရေးထိုးတင်ပြသော်လည်း လွှတ်တော်နာယကမှ ပယ်ချမှုအခြေအနေကိုလည်းကောင်း၊ နိုင်ငံတော်အဆင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ခေါ်ယူခွင့်တင်ပြချက်ပေါ်တွင်လည်း သမ္မတရုံးမှ ပယ်ချမှုအခြေအနေကိုလည်းကောင်း၊ တတိယအကြိမ် လွှတ်တော်အစည်းအဝေးခေါ်ယူရန် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း စသည်ဖြင့် တပ်မတော်မှ အဆင့်ဆင့်တင်ပြခြင်း၊ အသိပေးခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သည့်အခြေအနေများကို အသေးစိတ်ဆွေးနွေးပြီး မရှင်းလင်းသည့် အချက်များကို အပြန်အလှန်ဆွေးနွေးကြသည်။

၎င်းနောက် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ) ခုနှစ်နှင့်အညီ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းမှု၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အသီးသီးဖွဲ့စည်းထားမှုအခြေအနေများကို ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က သိရှိလိုသည်များနှင့် မရှင်းလင်းသည့်အချက်များ ပြန်လည်ဆွေးနွေးမှုများအပေါ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြီးနောက် ဆွေးနွေးပွဲအား ရုပ်သိမ်းခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ထံသို့ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်၊ သတင်းစာရှင်းလင်းပွဲနှင့် အပြန်အလှန်ဆွေးနွေးချက်တို့အား Soft copy ဖြင့် ဆက်လက်ပေးပို့ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့ အမည်ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၁/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)**

**နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ အမည်ပြင်ဆင်သတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအဖြစ် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးအဖြစ် လည်းကောင်း အမည်ပြင်ဆင်သတ်မှတ်လိုက်သည်။

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် (၂၉ / ၂၀၂၁)**
**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးချုပ် ဇော်မင်းထွန်း | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသက်ဆွေ | ဒုတိယခေါင်းဆောင် |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ | အဖွဲ့ဝင် |

**အမိန့်အရ**
**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

✻ *ရှေ့ဖုံးမှ*

တပ်မတော်အနေဖြင့် အထက်ဖော်ပြပါအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အထူးသဖြင့် အခန်း (၁)၊ ပုဒ်မ ၄ ၊ ပုဒ်မ ၆ နှင့် ၇ တို့အပါအဝင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး၊ နိုင်ငံတစ်ဝန်းလုံး၌ တည်စေရန်" ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူ (၆) ချက်အနက် ပုဒ်မ ၆ (ဃ) တွင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီထွန်းကားရေး" ဟုလည်းကောင်း၊ ပုဒ်မ ၆ (စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစ်စိုက်ဦးတည်သည်" ဟုလည်းကောင်း၊ ထို့ပြင် ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟုလည်းကောင်း ပြဋ္ဌာန်းသည်ကို လိုက်နာဆောင်ရွက်လျက်ရှိသည်။

မဲစာရင်းပြဿနာများ၊ မဲလိမ်မှုများကို ဖြေရှင်းရန် အကြိမ်ကြိမ်တောင်းဆိုမှုများကို ငြင်းပယ်ခြင်း၊ လွှတ်တော်အစည်းအဝေးများအား ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများကို အရေးယူဆောင်ရွက်မှုမရှိခြင်းမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၇ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၁) ကို ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်ကာလ နိုင်ငံတစ်ဝန်းလုံး အကျိုးသက်ရောက်သည့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၈ ပုဒ်မခွဲ (က) နှင့်အညီ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်ခဲ့သည်။

ဒီမိုကရေစီထွန်းကားသည့်နိုင်ငံကြီးများ၌ပင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများရှိပါက ယင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းကြ၊ အရေးယူဆောင်ရွက်ကြသည့် သာဓကများရှိပါသည်။ ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများကို ဖြေရှင်းရန် ငြင်းပယ်ခြင်းမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျင့်စဉ် ဖော်ဆောင်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ကာ အစဉ်အလာဆိုးတစ်ရပ်ဖြစ်စေမည်ဖြစ်သည်။ သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်အရ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ ဒီမိုကရေစီစံချိန်စံနှုန်းများအတိုင်း နိုင်ငံတော်၏ တာဝန်များကို အနိုင်ရသည့်ပါတီသို့ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကာ လွတ်လပ်၍ တရားမျှတမှုရှိသော အထွေထွေရွေးကောက်ပွဲကို ကျင်းပပြီး အနိုင်ရရှိသော နိုင်ငံရေးပါတီအား နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းသွားမည်ဖြစ်သည်။

COVID-19 ကပ်ရောဂါကိစ္စ ကိုင်တွယ်ဆောင်ရွက်ရာတွင်လည်း မြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှု-စီးပွား စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန်နှင့် စီးပွားရေးပြန်လည် ဦးမော့လာစေရန်၊ စီးပွားရေးထိခိုက်နစ်နာမှုများ လျော့ပါးစေရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတကာ COVID-19 ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ COVAX Facility အစီအစဉ်နှင့် နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်မှုအစီအမံများအရ ကာကွယ်ဆေးရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ရည်ရွယ်သည့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားမည်ဖြစ်ပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးသွားမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေး အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးကို ရေရှည်တည်တံ့အောင် အပြန်အလှန်လေးစားမှုနှင့် နားလည်မှုပေါ်အခြေခံ၍ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်၊ မဲခေါင်ဒေသဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မြန်မာပြည်သူများအတွက် ပေးအပ်လျက်ရှိသည့် အကူအညီများ လွယ်ကူချောမွေ့စွာ ရရှိစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတကာကတိကဝတ်အတိုင်း လက်ရှိချုပ်ဆိုထားရှိသော နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်များကိုလည်း စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။**

*✻ကျောဖုံးမှ*

တွေ့ရှိရပါကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါကိစ္စကို တရားဝင်အကြိမ်ကြိမ်ထောက်ပြခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် စာရင်းဇယားများ တရားဝင်ထုတ်ပြန်ခြင်း အကြိမ် (၃၀)၊ သဘောထားထုတ်ပြန်ချက်များကို ရွေးကောက်ပွဲမတိုင်မီ (၂) ကြိမ်နှင့် ရွေးကောက်ပွဲအပြီး (၄) ကြိမ် ထုတ်ပြန်ခဲ့ပါကြောင်း၊ မဲပေးသူများစာရင်းမှာ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ခံမှုမိသားစုအမည်စာရင်းအပေါ် အခြေခံသင့်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုများ မှန်ကန်စွာဖြေရှင်းရန်နှင့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးဆိုင်းငံ့ပေးရန် နိုင်ငံရေးပါတီပေါင်း (၂၀) က ကြေညာချက် (၂၆) စောင်ကို ထုတ်ပြန်တောင်းဆိုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဆိုပါတောင်းဆိုချက်များကို ရှင်းလင်းပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အတွင်း မြို့နယ် (၉၉) မြို့နယ်၌ ဆန္ဒထုတ်ဖော်မှု (၁၂၄)ကြိမ် ဖြစ်ပွားခဲ့ပါကြောင်း။

မိမိအနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ရန် တပ်မတော်က ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲအပြီး ထုတ်ပြန်ခဲ့သည့်ကြေညာချက်များမှ အဓိကအချက်အချို့ကို ကောက်နုတ်ပြောကြား လိုပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီနှင့် အပြီးကာလတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်လုပ်ရပ်များသည် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ချို့ဖောက်ရာကျပါကြောင်း၊ တပ်မတော်က တည်ဆဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများကိုစိစစ်ပေးရန် တောင်းဆိုမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အကြိမ်ကြိမ် ငြင်းဆန်ခဲ့ပါကြောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးခေါ်ယူရန် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် တရားဝင်တောင်းဆိုတင်ပြခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် တောင်းဆိုချက်ကို ငြင်းဆန်ခဲ့ပါကြောင်း။

### နှစ်ကြိမ်တိုင်တိုင်

တပ်မတော်နှင့် အခြားသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်နိုင်ရန်နှင့် ယုံကြည်ရသည့် ရွေးကောက်ပွဲရလဒ်ဖြစ်ကြောင်း ထုတ်ဖော်ပြသနိုင်ရန် ပြည်ထောင်စုလွှတ်တော် သို့မဟုတ် နိုင်ငံတော်အစိုးရ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် မဲမသမာမှုများကို ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း တောင်းဆိုမှုများကို ငြင်းဆန်ခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူပေးရန် နှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့ပါကြောင်း။

### ပြဋ္ဌာန်းထား

တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အထူးသဖြင့် အခန်း (၁)၊ ပုဒ်မ ၄၊ ပုဒ်မ ၆ နှင့် ၇ တို့အပါအဝင် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး၊ နိုင်ငံတစ်ဝန်းလုံး၌ တည်သည်" ဟုလည်းကောင်း၊ ပုဒ်မ ၆ (ဃ) အရ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး" ဟုလည်းကောင်း၊ ပုဒ်မ ၆ (စ) အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်" ဟုလည်းကောင်း၊ ပုဒ်မ ၇ တို့အရ "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း။

ယခင်အစိုးရအနေဖြင့် မဲစာရင်းပြဿနာများကို ဖြေရှင်းရန်နှင့် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းက လွှတ်တော်အစည်းအဝေးများ ကျင်းပရန် အကြိမ်ကြိမ် တောင်းဆိုမှုများကို ငြင်းပယ်ခြင်း၊ လွှတ်တော်အစည်းအဝေးများအား ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများကို အရေးယူဆောင်ရွက်မှုမရှိခြင်းတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၇ ပါ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၇ နှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် အမိန့်အမှတ် (၁/၂၀၂၁) ထုတ်ပြန်ပြီး နိုင်ငံတစ်ဝန်းကို တစ်နှစ်တာကာလ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၈ ပုဒ်မခွဲ (က) နှင့်အညီ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ပါကြောင်း။

ဒီမိုကရေစီထွန်းကားသည့် နိုင်ငံကြီးများ၌ပင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကိုင်တွယ်ဖြေရှင်းကြသည့် သာဓကများ ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ မသမာမှုများကို ဖြေရှင်းရန် မသိကျိုးကျွန်ပြုမှုသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျင့်စဉ်ဖော်ဆောင်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပြီး အစဉ်အလာတစ်ရပ်ဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပကာ ဒီမိုကရေစီစံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်၏တာဝန်များကို အနိုင်ရပါတီသို့ လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် စည်းမျဉ်းအခြေခံသည့် ပါတီစုံဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးကာ လွတ်လပ်၍ တရားမျှတမှုရှိသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းသွားမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ထိုသို့ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆောင်ရွက်ခြင်းမဟုတ်သည်ကို အလေးအနက်ထား ပြောကြားလိုပါကြောင်း။

### ကြိုးပမ်းအားထုတ်သွားမည်

လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များမှအပ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ ၂၈ ရက်အထိ ရပ်ဆိုင်းပေးသွားမည်ဟု ထုတ်ပြန်ကြေညာထားပါကြောင်း။

နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးရန်ရည်ရွယ်ကာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)၌ လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးရန်အတွက် တပ်မတော်ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

မကြာမီက ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် အဖွဲ့ဝင် (၇) ဦးပါ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခဲ့ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပခြင်းသည် လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးလာနိုင်ရေးကို ဦးတည်ဖော်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကိစ္စ ကိုင်တွယ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများကဲ့သို့ ကျန်းမာရေးနှင့် လူမှု-စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လူမှုစီးပွားထိခိုက်နစ်နာမှုများ လျော့ပါးစေရန် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အားကိုးအားထားပြုရသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို အလေးအနက်ထားကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေး၊ စက်ရုံများ ပြန်လည်ဖွင့်လှစ်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများ ဖြန့်ဝေပေးရေးတို့ကို အထူးအလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းခရီးသွားလာမှုနှင့် ဟိုတယ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ လိုအပ်ပါက ကိုဗစ်-၁၉ ထိန်းချုပ်မှုနည်းလမ်းများနှင့် အသိပညာပေးအစီအစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ဆက်လက်ဆောင်ရွက်သွားမည်

အစိုးရအနေဖြင့် သံတမန်များနှင့် ကုလသမဂ္ဂဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံအတွင်း လတ်တလော နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများ လုံခြုံမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတင်အကောင်အထည်ဖော်ပြီးဖြစ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို အစိုးရအနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချင်း စီးပွားရေးအရ သဘောတူညီမှုများနှင့် COVAX Facility အစီအစဉ်မှတစ်ဆင့် ကာကွယ်ဆေးရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကယ်ဆယ်ရေးလေယာဉ်များကို ပြန်လည်ပြေးဆွဲလျက်ရှိပါကြောင်း၊ နိုင်ငံရပ်ခြား၌ ကာလရှည်ကြာစွာပိတ်မိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ် ပျံသန်းမှုကြိမ်ရေ တိုးမြှင့်ရေးအပြင် ရေယာဉ်များဖြင့်ပါ ပြန်လည်ခေါ်ယူရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုသာ ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြားရေးမူဝါဒသည် ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတည်ဆောက်ရန် ရည်ရွယ်ကာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုအပေါ် အခြေခံ၍ ကမ္ဘာ့နိုင်ငံများနှင့် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အပိုဒ်(၂) စာပိုဒ်(၇)အရ "ယခုလက်ရှိ ပဋိညာဉ်စာချုပ်တွင် ပါဝင်သည့်အချက်များကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌သာ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာ မရှိစေရ သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် အဆိုပါကိစ္စများကို ယခုလက်ရှိစာချုပ်အရ ဆုံးဖြတ်ရန် တင်သွင်းရမည့် တာဝန်မရှိစေရ" ဟူသော အချက်ကို လိုက်နာရန်အရေးကြီးမှုကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံ၊ ဘင်းမ်စတက်နှင့် မဲခေါင်ဒေသဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများထံ ပေးအပ်လျက်ရှိသည့် အကူအညီများ လွယ်ကူချောမွေ့စွာ ရရှိစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတကာကတိကဝတ်များနှင့် အညီ လက်ရှိချုပ်ဆိုထားသော နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာသဘောတူညီချက်များနှင့်စာချုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့် အညီ တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစကာ နိုင်ငံ့တာဝန်များကို တာဝန်ယူထားပါကြောင်း။

တပ်မတော်၏ ဆောင်ရွက်ချက်များသည် တည်ဆဲဥပဒေများ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ဖြစ်ပါကြောင်း၊ တပ်မတော်က အကြိမ်ကြိမ် တောင်းဆိုခဲ့သည့် မဲစာရင်းပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန် ယခင်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က ငြင်းဆန်ခဲ့ခြင်းသည် နိုင်ငံရေးအကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထိုသို့သောအခြေအနေအရပ်ရပ်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၄၁၈ ကို ကျင့်သုံးခဲ့ရခြင်းဖြစ်ပါကြောင်း။

မဲမသမာမှုများကို လွတ်လပ်၍ ဘက်မလိုက်သော သမာသမတ်ရှိသည့် လူပုဂ္ဂိုလ်များ ဖြင့် တရားဝင်စစ်ဆေးသွားမည်ဖြစ်ပြီး လွတ်လပ်၍ တရားမျှတပြီး အများယုံကြည်လက်ခံနိုင်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုကျင်းပ၍ အနိုင်ရနိုင်ငံရေးပါတီထံ နိုင်ငံ့တာဝန်ကို လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ မျှော်မှန်းချက်အတိုင်း နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာထွန်းကားရန် ရည်ရွယ်ကာ တပ်မတော်အနေဖြင့် လိုအပ်သည့်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ နားလည်ထောက်ခံမှုနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်မှု အပိုင်းနှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ(၅)ရပ်ကို လက်ကိုင်ထားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ အမျိုးသားဦးစားပေးနှင့် လိုအပ်ချက်များနှင့်အညီ ကုလသမဂ္ဂ၊ အာဆီယံ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ထပ်လောင်းအတည်ပြုလိုပါကြောင်း။

### အကောင်အထည်ဖော်သွားမည်

ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်း၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှု မူဝါဒသည် ပြောင်းလဲမှုမရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အခြားဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်များကို ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းတာဝန်ဝတ္တရားများတွင် အလုပ်သမားအခွင့်အရေးဆိုင်ရာစာချုပ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များဆိုင်ရာ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်များကို ထမ်းဆောင်ခြင်းလည်း ပါဝင်ကြောင်း၊ စာချုပ်ဆိုင်ရာတာဝန်များကို ဆောင်ရွက်သည့်အနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ကနဦးအစီရင်ခံစာတင်သွင်းရေးကို ဆောင်ရွက်လျက်ရှိပြီး၊ ပြည်သူများ၏ အကျိုးအတွက် အတည်ပြုပါဝင်ပြီးသည့် စာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့၏ လုပ်ငန်းတာဝန်များကို အကျိုးရှိရှိ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများ ရရှိရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ (၂၀၁၉-၂၀၂၃) သက်တမ်း၏ အမှုဆောင်ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဖွဲ့နှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီတို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၆ သို့*

> **" မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ နားလည်ထောက်ခံမှုနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို ရရှိလိမ့်မည်ဟု မျှော်လင့် "**

# ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သွားရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်သြဝါဒါစရိယ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏သြဝါဒါစရိယ ဆရာတော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ မဟာထေရ်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီများအား ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံးဖွင့်လှစ်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် သာသနာတော်တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)

**သြဝါဒကထာများ နာယူ**

ထို့နောက် ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သြဝါဒကထာများ နာယူကြည်ညိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်ဖြစ်သည့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူလူထု၏ အကျိုးကို ဦးထိပ်ပန်ဆင်၍ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ရန် ရည်မှန်းချက်ထားကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုနှင့် အညီ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင်ဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ရေးစံများ၊ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအတိုင်း ဆက်လက်လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းများကိုစစ်ဆေးဆောင်ရွက်ရာတွင် စာရင်းစစ်စံများနှင့်အညီ စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ချမှတ်ထားသောရေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းများကို တိကျမှန်ကန်မြန်ဆန်စွာဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး၊ ကောလာဟလများနှင့် ဘဏ်များ ပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ဆက်လက်၍ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ် စာတမ်းနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါ ရည်ရွယ်ချက်နှင့် စည်းမျဉ်းများကို ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ဘရူနိုင်းနိုင်ငံအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ အာဆီယံဥက္ကဋ္ဌ၏ ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ရာတွင် မိမိတို့အနေဖြင့် ဘရူနိုင်းနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို ဆက်လက်မြှင့်တင်ရန်၊ အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းရာတွင် တိုးတက်မှုများ ပိုမိုရရှိစေရန်နှင့် အာဆီယံ၏ ပြင်ပမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ မိမိတို့အနေဖြင့် ယခုနှစ်အတွက် အာဆီယံ၏ လျာထား အစည်းအဝေးများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်သွားနိုင်ရန် မျှော်လင့်ကြောင်း၊ ယမန်နှစ်မှစ၍ မကြုံစဖူး ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှုကြောင့် မိမိတို့အားလုံး အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ဒေသတွင်း စိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါကြောင်း၊ အာဆီယံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ပဏာမခြေလှမ်းများနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများ အောင်မြင်မှုရရှိစေရေးအတွက် အာဆီယံနှင့် ပြင်ပမိတ်ဖက်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရားများ မိမိတို့အနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာနှင့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုစသည့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုယန္တရား (၁၃) ခုနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလော မြန်မာနိုင်ငံသည် (၂၀၂၀-၂၀၂၂) နှစ်တာကာလအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု၏ (၂၀၂၀-၂၀၂၂) နှစ်တာကာလအတွက်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ဒေသတွင်းပြည်သူများ၏ လူမှု-စီးပွားမြှင့်တင်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန် အာဆီယံကဲ့သို့သော အဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ဒေသနှင့် တောင်အာရှနိုင်ငံများပါဝင်သော ဘင်းစတက်အဖွဲ့တွင်လည်း တက်ကြွစွာ ပါဝင်သော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းအနေနှင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေ အနေအပေါ် စိုးရိမ်မှုများစွာရှိနေသည်ကို သိရှိကြောင်း၊ နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုများနှင့် တရားဝင်နည်းလမ်းများဖြင့် အရေးယူဆောင်ရွက်ရန် အရေးတကြီးလိုအပ်မှုတို့ကို သတိပြုမိ၍ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ကာလအပိုင်းအခြားတစ်ခုအတွင်း ပြုလုပ်ခဲ့ရကြောင်း၊ အဆွေတော်တို့အနေဖြင့် ဤအခြေအနေ အပြည့်အဝ နားလည်စေလိုကြောင်းနှင့် မြန်မာနိုင်ငံသားများ၏ ပိုမိုကောင်းမွန်သည့် အကျိုးစီးပွားအတွက် အဆွေတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်ကြောင်း။

အထူးသဖြင့် ယခုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကာလအတွင်း ပြည်သူများထံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးအတွက် မိမိတို့၏ ကြိုးပမ်းမှုများတွင် မိတ်ဆွေများထံမှ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတွင်းရှိ အသိုက်အဝန်းအားလုံးထံ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် Gavi တို့နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ဆက်လက်ဖြစ်ပေါ်မှုအပေါ် အဆွေတော်တို့၏ စိုးရိမ်ပူပန်မှုများကို နားလည်ကြောင်း၊ ဤလုပ်ငန်းစဉ်၏ ဦးဆုံးဗိသုကာမှာ တပ်မတော်ဖြစ်သည်ကို သတိပြုစေလိုကြောင်း၊ စင်စစ်အားဖြင့် ဗိသုကာပညာရှင်ဆိုသည်မှာ မိမိထုဆစ်ထားသည့် အရာကို မတတ်သာသည့် နောက်ဆုံး အခြေအနေမှသာ ဖျက်ဆီးရခြင်းဖြစ်ကြောင်း၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သာယာဝပြောရေး၊ ပြည်သူများ၏ အကျိုးစီးပွားတို့သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်ချက်များပင်ဖြစ်သည်ကို အားလုံးအသိဖြစ်ကြောင်း။

နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့များ၏ မည်သည့်တုံ့ပြန်မှုမဆို အဆိုပါအချက်များ အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါ ဆိုက်ရောက်နေသည့်အခြေအနေတွင် ပြည်သူများ၏ အကျိုးစီးပွားနှင့် မည်သူ့မှမထိခိုက်စေရေး မူဝါဒကို ထည့်သွင်းစဉ်းစားမည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ဦးစီးမှူးများအား Zoom Application စနစ်ဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စေတနာအပြည့်အဝဖြင့် သယ်ပိုးဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ဓာတ်၊ စည်းကမ်း၊ စေတနာနှင့် စွမ်းရည်ပြည့်ဝစွာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကောလာဟလသတင်းများကို မယုံကြည်ရန်နှင့် ပြည်သူများအား သတင်းအချက်အလက် မှန်ကန်စွာဖြန့်ဝေပေးနိုင်ရန်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အခက်အခဲရှိပါက အဆင့်ဆင့်တင်ပြ၍ ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂၉ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ဦးစီးမှူးများအား Zoom Application စနစ်ဖြင့် တွေ့ဆုံစဉ်။
သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြန်မာ့ကျောက်မျက်ရတနာသင်တန်းကျောင်းနှင့် မဏိရတနာကျောက်စိမ်းခန်းမတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့



နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းက တည်ဆောက် ဖွင့်လှစ်ထားသည့် မြန်မာ့ကျောက်မျက်ရတနာ သင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီးနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများက သင်တန်းကျောင်း ဖွင့်လှစ်နိုင်မှုနှင့် ကိုဗစ်-၁၉ ကာလအတွင်း သင်တန်းကျောင်း ခေတ္တပိတ်ထားစဉ်ကာလ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောက်စိမ်း၊ ကျောက်မျက်များကို အရိုင်းတုံးအတိုင်း တင်ပို့ရောင်းချရာမှ တန်ဖိုးမြှင့် အချောထည်အဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးကြိုးပမ်းသွားစေလိုကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ သင်တန်းကျောင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့တွင် အရေးပါသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်/ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက အဆင်သင့်ဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားရန် ဖြစ်ကြောင်း၊ သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အချောထည်ထုတ်လုပ်မှုအပိုင်းတွင်လည်း ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်သည့် လက်ရာဒီဇိုင်းမျိုး တီထွင်ဖန်တီးထုတ်လုပ်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်စိမ်းပန်းပု သင်တန်းခန်းမ၊ ကွန်ပျူတာဒီဇိုင်း သင်တန်းခန်းမ၊ မိုလောင်းသင်တန်းခန်းမ၊ ဖယောင်းမိုထွင်းသင်တန်းခန်းမ၊ ကျောက်စိမ်း CNC သင်တန်းခန်းမ၊ ကျောက်မျက်သွေး သင်တန်းခန်းမ၊ ကျောက်စိမ်းပုတီးနှင့် လက်ကောက်သင်တန်းခန်းမများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ ယခင်ကျောက်မျက်ရတနာပြပွဲများ ကျင်းပသည့် မဏိရတနာကျောက်စိမ်းခန်းမကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ လာရောက်ဆေးကုသမှုခံယူကြသည့် သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် နိုင်ငံအဝန်း၌ အစဉ်အဆက်ကူညီဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိနိုင်ငံရေးပြောင်းလဲမှုအခြေအနေများအရ တိုင်းရင်းသားပြည်သူများအနေဖြင့် ဆေးဝါးကုသမှုခံယူရန် အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့သည်။

ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံသို့ သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၃၃ ဦးတို့က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီအရေးပေါ်ကုသရေးဆေးရုံသို့ ဒေသခံပြည်သူ ၄၃ ဦးကလည်းကောင်း လာရောက်ဆေးဝါးကုသမှုများခံယူကြရာ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကုသခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လာပါက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် လာရောက်ဆေးကုသမှုခံယူနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၆၅ နှစ်အထက် သက်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ယနေ့ စတင်ထိုးနှံ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့ရှိ အသက် ၆၅ နှစ် အထက်သက်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံခြင်းကို ယနေ့ နံနက်ပိုင်းမှ စတင်ကာ အဆိုပါမြို့နယ်များရှိ စာသင်ကျောင်းများတွင် ထိုးနှံပေးလျက်ရှိသည်။

"ဒီနေ့ကတော့ သတ်မှတ်ထားတဲ့အတိုင်းပါပဲ။ ပြည်သူလူထုကြီးထဲက အုပ်စုကြီးတစ်စုဖြစ်တဲ့ အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်းတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးပေးတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းမှာတော့ ၃၄ မြို့နယ်မှာ ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်း ၃၄ မြို့နယ်မှာ ဒီနေ့စတင်ကာကွယ်ဆေးထိုးပေးတာက ဒဂုံ၊ ပန်းဘဲတန်းနဲ့ ဗိုလ်တထောင်မြို့နယ်တွေကို ကာကွယ်ဆေး စတင်ထိုးနှံပေးတာဖြစ်ပါတယ်။ ရပ်ကွက်အလိုက် ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို ပုံမှန်အစီစဉ်အတိုင်း သွားနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က ပြောသည်။

ကိုဗစ်ကာကွယ်ဆေး ထိုးနှံနိုင်ရန် ဒဂုံမြို့နယ်တွင် အထက(၁) (ဒဂုံ)၊ ပန်းဘဲတန်းမြို့နယ်တွင် အထက(၁) (ပန်းဘဲတန်း) နှင့် ဗိုလ်တထောင်မြို့နယ်တွင် အထက(၄) (ဗိုလ်တထောင်) တို့တွင် စီစဉ်ဆောင်ရွက်ထားပြီး ကာကွယ်ဆေး ထိုးနှံကြသည့် သက်ကြီးများ အရေးပေါ် ကျန်းမာရေး တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အချိန်မီ ကုသနိုင်ရန် ကျန်းမာရေးဌာနမှ ဆေးအဖွဲ့များ၊ အရေးပေါ် လူနာတင်ယာဉ်များ၊ အောက်ဆီဂျင်အိုးများကို စီစဉ်ဆောင်ရွက်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်ကာကွယ်ဆေး ထိုးနှံမည့်သူမှာ ကောက်ယူထားသည့် စာရင်းများအရ အသက် ၁၈ နှစ်အထက် လူဦးရေ ၅၉ သိန်းကျော်ရှိပြီး အသက် ၆၅ နှစ်အထက် သက်ကြီးဦးရေ သုံးသိန်းရှစ်သောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ကနဦးအနေဖြင့် ဇန်နဝါရီ ၂၇ ရက်က ကိုဗစ်ကာကွယ်ဆေးကို ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် တာဝန်ထမ်းဆောင်နေသည့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၂၅၀၀၀ ခန့်ကို ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)**




**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ရက်စွဲဖြင့် (၁၁) ကြိမ်မြောက် ထုတ်ဝေသော “Red Star” (Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော “ကြာမြင့် ခိုင်မာသော ခင်မင်မှု” အမည်ဖြင့် ဆောင်းပါးရှင် Mr. Alexander Alexandrov ရေးသားဖော်ပြထားသည့် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအကြောင်း ဆောင်းပါးအား ဘာသာပြန်ဆိုရေးသားတင်ပြခြင်း

“မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေသည် ဒေသတွင်းနိုင်ငံများအတွက်သာမက ကမ္ဘာ့နိုင်ငံအားလုံးအတွက် စိတ်ဝင်တစား စောင့်ကြည့်ရမည့် အနေအထားသို့ ရောက်ရှိနေပါသည်”

ဖေဖော်ဝါရီလ ပထမဆုံးနေ့ရက်၏ မနက်စောစောအချိန်တွင် ကမ္ဘာ့သတင်းမီဒီယာစာမျက်နှာများတွင် မြန်မာနိုင်ငံ အစိုးရအဖွဲ့အား အာဏာမှ ရပ်ဆိုင်းလိုက်ကြောင်း သတင်းများ ချက်ချင်းဆိုသလို ပျံ့နှံ့လာခဲ့ပါသည်။ အစိုးရအပြောင်းအလဲကာလအတွင်း ယာယီသမ္မတတာဝန်ကို ထမ်းဆောင်နေသော ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေသည် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံအား အရေးပေါ်အခြေအနေအဖြစ် ၁ နှစ် သတ်မှတ်ကြောင်း ကြေညာလိုက်ပါသည်။ ထိုသို့ စီမံဆောင်ရွက်လိုက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ နိုဝင်ဘာလက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ကွဲလွဲနေမှုပေါင်းများစွာ စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဖြစ်ပါသည်။ တာဝန်ရပ်ဆိုင်းခံရသူ အယောက် ၃၀ ခန့်ရှိပြီး အဆိုပါ မသမာမှုများရှိနေသော ရွေးကောက်ပွဲတွင် မဲအနိုင်ရရှိထားပြီး အစိုးရသစ်ဖွဲ့ရန် ပြင်ဆင်နေသောသူများ၊ နိုင်ငံယခင်အစိုးရ၏ သမ္မတဖြစ်သူ ဦးဝင်းမြင့် နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးဖြင့် နိုင်ငံအားနောက်ကွယ်မှ စီမံအုပ်ချုပ်နေသည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့လည်း ပါဝင်နေခဲ့ပါသည်။

### ဒီမိုကရေစီအပေါ် တန်ဖိုးထား လေးစားယုံကြည်မှု

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲ မတိုင်မီကပင် မိမိ၏ ဒီမိုကရေစီစနစ်အပေါ် ထားရှိသည့်သဘောထား စစ်မှန်ပြီး တရားမျှတမှုကို တန်ဖိုးထားလေးစားယုံကြည်မှုတို့ကို ထုတ်ဖော်ပြောကြားခဲ့ပါသော်လည်း ယခုကဲ့သို့ မထင်မှတ်ထားလောက်အောင် မသမာမှုများ တွေ့ရှိလိုက်ရသည့်အတွက် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ယခုသတ်မှတ်ထားသော အရေးပေါ်အခြေအနေ ပြီးဆုံးချိန်တွင် တရားမျှတပြီး ကြည်လင်သန့်ရှင်းသော ဒီမိုကရေစီအစစ်အမှန်ကို ဖော်ဆောင်မည့် ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပပေးမည့်အကြောင်း ကတိစကားပြောကြားခဲ့ပြီး ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လစ်လပ်နေသည့် နိုင်ငံတော်သမ္မတ၏တာဝန်များကို ထမ်းဆောင်ပေးရန် ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေက အမိန့်ထုတ်ပြန်တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက်တွင် အင်တာနက်လူမှုကွန်ရက် စာမျက်နှာများနှင့် သတင်းမီဒီယာများတွင် ခေါင်းစဉ်အနီရောင်ကြီးများဖြင့် မြန်မာနိုင်ငံတွင် စစ်ဘက်အာဏာသိမ်းမှု ဖြစ်ပွားသည်ဟု မရပ်မနားရေးသားဖော်ပြနေကြသော်လည်း အမှန်တကယ် လက်တွေ့အပြင်လောကတွင် ဘာမှမဖြစ်ခဲ့သည့်အလား ပုံမှန်သွားလာလှုပ်ရှား လုပ်ကိုင်နေကြသည်ကို သတိပြုမိစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာခြင်းသည် အာဏာရအစိုးရပါတီ၏ မသမာမှုများကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးတင်းမာမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဥပဒေနည်းလမ်းကျကျဖြေရှင်းရန် လုပ်ဆောင်ခြင်းသာဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေဘောင်အတွင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းမှာလည်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလက ကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသား


8 В МИРЕ

КРАСНАЯ ЗВЕЗДА
3 февраля 2021 № 11

ОСНОВАТЕЛЬНО

Давний и надёжный партнёр

Положение Мьянмы в Юго-Восточной Азии обусловливает повышенный интерес к ней не только региональных, но и мировых геополитических игроков

Александр Александров

ДУХ СТРАТЕГИЧЕСКОГО ПАРТНЁРСТВА.

В Мьянме уже долгие годы активно работает фонд Сороса, а непосредственно выборы сопровождали две американские компании, которые поставили всю технику и оборудование для проведения выборов

В ЭПИЦЕНТРЕ ГЕОПОЛИТИЧЕСКИХ ИНТЕРЕСОВ.

За эти годы в высших учебных заведениях России прошли обучение более 7 тысяч офицеров вооружённых сил Мьянмы

СТРАНА НА ПЕРЕПУТЬЕ.

Мин Аунг Хлаинг пользуется заслуженным уважением не только внутри страны, но и за её пределами



ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနပိုင် သတင်းစာတိုက်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ရက်စွဲဖြင့် (၁၁) ကြိမ်မြောက် ထုတ်ဝေသော “ Red Star ” (Kracnaya Zvezda) သတင်းစာတွင် ဖော်ပြပါရှိသော ဆောင်းပါးကို တွေ့ရစဉ်။

ဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ အစိုးရအဖွဲ့ဝင်များသည် စစ်ဆေးတွေ့ရှိထားသော မဲစာရင်းကွဲလွဲမှုများအပေါ် ပြန်လည်စိစစ်ဖြေရှင်းပေးရန် ငြင်းဆန်ပျက်ကွက်ခဲ့သည့်အတွက် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ယခုလက်ရှိ မြင်တွေ့နေရသည့် နိုင်ငံရေးအခြေအနေများသည် NLD အစိုးရ၏ ဥပဒေအကြောင်းအခြင်းအရာများနှင့်အညီ ထောက်ပြဝေဖန်နေသော ၎င်းတို့၏ အားနည်းချက်များကို အမှားများကို တာဝန်ယူဖြေရှင်းပေးလိုခြင်းမရှိဘဲ လျစ်လျူရှုရာမှ စကာ မကြာသေးမီက ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အပေါ် ပြန်လည်စိစစ် ဖြေရှင်းပေးခြင်း မရှိသည့်အတွက် တရားဥပဒေကို ချိုးဖောက်မိပြီး နိုင်ငံတော်အာဏာကို အတင်းအဓမ္မ ရယူလိုသည့်အဖြစ်သို့ ရောက်ရှိသွားခဲ့ပါသည်။ စောင့်ကြည့်စစ်ဆေး ထောက်ပြဝေဖန်သူတို့အနေဖြင့် သာမန်အသိပေးရုံတင် မဟုတ်ဘဲ နိုင်ငံတော်သမ္မတ ထံသို့လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ထံပါ ဥပဒေနည်းလမ်းကြောင်းအရ ဖြေရှင်းပေးရန် တရားဝင်တောင်းဆိုချက်များ ပြုလုပ်ထားခဲ့ပြီးလည်း ဖြစ်ပါသည်။ “တပ်မတော်အနေဖြင့် မဲစာရင်းများအား ပြန်လည်စိစစ်ပေးရန်နှင့် ဖြစ်ပေါ်လာမည့် နိုင်ငံရေးအကျပ်အတည်းများကို ကြိုတင်ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းပြီး အစည်းအဝေး ခေါ်ယူပေးနိုင်ပါရန် တင်ပြတောင်းခံခဲ့သော်လည်း အရပ်သားအစိုးရဘက်မှ လိုက်ပါလုပ်ဆောင်မှု မရှိခဲ့သည့်အတွက် ဤကဲ့သို့ မလိုလားအပ်သော အရေးပေါ်အခြေအနေ ကြေညာရခြင်းအဆင့်ထိ ရောက်ရှိခဲ့ရခြင်း” ဖြစ်ကြောင်း နိုင်ငံရေးဗေဒ ပါမောက္ခတစ်ဦးဖြစ်သူ Mrs. Ksenia Efremova က TASS သတင်းဌာန၏ အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ပါသည်။ ၎င်းက ဆက်လက်ပြောကြားရာတွင် “နိုင်ငံတော်သမ္မတအနေဖြင့် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်နေကြောင်း သိသာထင်ရှားနေပါသော်လည်း အရေးယူဆောင်ရွက်ပေးခြင်း မရှိခြင်းသည် ကိုယ်တိုင်ပါဝင်ပတ်သက်နေခြင်းကြောင့် ဖြစ်နိုင်သဖြင့်

> အင်တာနက်လူမှုကွန်ရက် စာမျက်နှာများနှင့် သတင်းမီဒီယာများတွင် ခေါင်းစဉ်အနီရောင်ကြီးများဖြင့် မြန်မာနိုင်ငံတွင် စစ်ဘက်အာဏာသိမ်းမှု ဖြစ်ပွားသည်ဟု မရပ်မနား ရေးသားဖော်ပြနေကြသော်လည်း အမှန်တကယ် လက်တွေ့အပြင်လောကတွင် ဘာမှမဖြစ်ခဲ့သည့်အလား ပုံမှန်သွားလာလှုပ်ရှား လုပ်ကိုင်နေကြသည်ကို သတိပြုမိစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာခြင်းသည် အာဏာရအစိုးရပါတီ၏ မသမာမှုများကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးတင်းမာမှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဥပဒေ နည်းလမ်းကျကျ ဖြေရှင်းရန် လုပ်ဆောင်ခြင်းသာဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေဘောင် အတွင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာ ဖြစ်သောကြောင့်ဖြစ်

တပ်မတော်အနေဖြင့် တရားဥပဒေအတိုင်း ရင်ဆိုင်ဖြေရှင်းသွားခဲ့ရခြင်း” ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။ ထိုနိုင်ငံတွင် တရားဝင်ပြဋ္ဌာန်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပြီး လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်အတွက်လည်း အာမခံချက်ပေးရသော အဖွဲ့အစည်း ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် နိုဝင်ဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်စာရင်းများကို အရွေးကောက်ခံနယ်မြေ ၃၁၅ မြို့နယ်တွင် စနစ်တကျ တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပြန်သော မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ထပ်တူကျနေသော အရေအတွက်မှာ ၅ ဒသမ ၈၀၂ သန်းထိပင်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် မဲပေးရန် အသက်မပြည့်မီသေးသော ကလေးသူငယ်များပါဝင်နေခြင်း၊ အသက် ၁၀၀ နှစ်အထက် သက်ကြီးရွယ်အိုများပါဝင်နေခြင်းအပြင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၄ ဒသမ ၆ သန်းထိရှိကြောင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် မဲမသမာမှုဖြစ်နိုင်သော မှားယွင်းကွဲလွဲနေသည့် စုစုပေါင်းအရေအတွက်မှာ ၁၀ ဒသမ ၅ သန်း (စုစုပေါင်း မဲဆန္ဒရှင် အရေအတွက်၏ လေးပုံတစ်ပုံခန့်) ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

*စာမျက်နှာ ၁၀ သို့*

# အခုထိ ကာကွယ်ဆေးထိုးလာတာ လူဦးရေ တစ်သောင်းလောက်ရှိပြီ။ ကာကွယ်ဆေးကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ထူးထူးခြားခြားဖြစ်တာ မတွေ့သေးပါဘူး

ဒေါက်တာမြတ်ဝဏ္ဏစိုး

**ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား နေပြည်တော်ရှိ သားဖွားသင်တန်းကျောင်း၌ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) စတင် ထိုးနှံပေးခဲ့သည်။**



ဒေါက်တာမြတ်ဝဏ္ဏစိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်)



ဒေါ်ခင်မေနု (ဒုတိယညွှန်ကြားရေးမှူးချုပ်)



ဦးဇော်အေး (ညွှန်ကြားရေးမှူး)



ဦးသိန်းရွှေဝင်း (ညွှန်ကြားရေးမှူး)

ထိုသို့ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက “ဒီနေ့ကတော့ နေပြည်တော်မှာရှိတဲ့ အစိုးရဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးတာ ဖြစ်ပါတယ်။ လစဉ်လဆန်း ၅ ရက်နေ့ကစပြီး ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေကို ထိုးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ကြေညာထားတဲ့အတိုင်း မနက်ဖြန်လည်း ဝန်ကြီးဌာနတွေက ဝန်ထမ်းတွေကို ဆက်ပြီးဆေးထိုးပေးသွားမှာ ဖြစ်ပါတယ်။ ပြီးရင်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဦးစားပေးအစီအစဉ်အတိုင်း အုပ်စုလိုက် ဆက်လက်ဆေးထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

“ဒီနေ့ထိုးတာကတော့ ဝန်ထမ်းအဆင့်တော်တော်များများ ပါဝင်ပါတယ်။ တစ်နေ့ကို လူဦးရေ ၅၀၀ နဲ့ ၁၀၀၀ ကြား ဆေးထိုးပေးသွားမှာပါ။ ကာကွယ်ဆေးကတော့ အားလုံး နှစ်ကြိမ်ထိုးရမှာပါ။ နှစ်ကြိမ်ထိုးပြီးရင် ကာကွယ်နိုင်တဲ့အနေအထားတော့ ရောက်ပြီပေါ့။ ဒါပေမယ့် ကာကွယ်ဆေးတစ်ခုတည်းကို အားကိုးလို့မရပါဘူး။ Social Distancing နေထိုင်ခြင်း၊ Mask တပ်ခြင်းနဲ့ လက်ဆေးခြင်းတွေကို ဆက်လုပ်သွားရမှာပါ။ အခုထိုးနှံနေတာကတော့ လက်ရှိရောက်နေတဲ့ ဆေးတွေပေါ့။ နောက်ထပ်လည်း ကာကွယ်ဆေးတွေ ထပ်ရောက်ဖို့ရှိပါတယ်” ဟု ပြောသည်။

### ကာကွယ်ဆေးမထိုးမီ ကျန်းမာရေးစစ်ဆေး

ကာကွယ်ဆေးမထိုးမီ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင် ပမာဏတိုင်းတာခြင်းနှင့် အပူချိန်တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပြီး ယင်းလုပ်ငန်းစဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပါက သမားတော်အဖွဲ့ဖြင့် ကုသပေးနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်၍ ဒေါက်တာမြတ်ဝဏ္ဏစိုးက “ကာကွယ်ဆေးထိုးဖို့လာရင် အရင်ဆုံး Registration လုပ်ရပါတယ်။ ဝန်ကြီးဌာနတွေ ကလည်း ကြိုပြီးတော့ အမည်စာရင်းတွေ ပို့ထားတဲ့အတွက် ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ကို ထုတ်ပေးပါတယ်။ ပြီးရင် ပဏာမ ဆေးစစ်ပါတယ်။ ဆေးထိုးပြီးနောက်ပိုင်း အဖျားတက်မယ်။ ကိုယ်လက် မအီမသာ ဖြစ်မယ်ဆိုရင် သောက်ဖို့ဆေးတွေကိုလည်း တစ်ခါတည်း ထည့်ပေးထားပါတယ်။ အခုထိ ကာကွယ်ဆေးထိုးလာတာ လူဦးရေ တစ်သောင်းလောက်ရှိပြီ။ ကာကွယ်ဆေးကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး ထူးထူးခြားခြားဖြစ်တာ မတွေ့သေးပါဘူး” ဟု ပြောသည်။

### သတင်းပေးပို့ အကြောင်းကြားနိုင်

ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ကာကွယ်ဆေးထိုးနှံပြီးနောက် ပြဿနာ၊ အန္တရာယ်တစ်စုံတစ်ရာ ရှိ မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်းနှင့် ဆေးထိုးပြီး ၂၄ နာရီအတွင်း တစ်စုံတစ်ရာ ထူးခြားမှုရှိပါက ချက်ချင်းသတင်းပေးပို့ အကြောင်းကြားနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

ကာကွယ်ဆေးလာရောက်ထိုးနှံသူ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနုက “ ဒီနေ့ မနက် ၉ နာရီခွဲကို ဆေးထိုးရမယ်ဆိုပြီး မနေ့က ဖုန်းဆက်ပါတယ်။ အခု သားဖွားသင်တန်းကျောင်းရောက်တော့ အရင်ဆုံး အမည်စာရင်းပေးလိုက်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေက အဆင်သင့်လုပ်ထားတဲ့ ဆေးထိုးဖို့ မှတ်တမ်းကတ်ပြားလေးပေးပါတယ်။ ပြီးတော့ သွေးပေါင်ချိန်ပြီး ဘာရောဂါဖြစ်ခဲ့သလဲ၊ အရင် ကာကွယ် ဆေးတွေထိုးစဉ်က ဘယ်လိုခံစားမှုတွေဖြစ်ခဲ့သလဲ၊ နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါရှိသလားဆိုပြီး မေးပါတယ်။ သွေးပေါင်ချိန် မမှန်သေးတဲ့သူဆိုရင် ခဏစောင့်ခိုင်းပြီး သွေးပေါင်ချိန် ပြန်တိုင်းပါတယ်။ သွေးပေါင်ချိန်ကောင်းတဲ့သူတွေကိုတော့ ချက်ချင်းထိုးပေးပါတယ်။ ဆေးထိုးတဲ့ အချိန်မှာလည်း နာကျင်မှုမရှိပါဘူး။ ဖျားနာတာတွေဖြစ်လာရင် သောက်ဖို့ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်။ ကျွန်မအနေနဲ့ ဒီလို ကာကွယ်ဆေးထိုးပေးတဲ့ အပေါ်မှာ ဝမ်းသာပါတယ်”ဟု ပြောသည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်အေးက “ဆေးထိုးဖို့ လုပ်ရတဲ့ လုပ်ငန်းစဉ်တွေက အခက်အခဲမရှိပါဘူး။ ကျန်းမာရေးစစ်ဆေးမှုအနေနဲ့ကတော့ သွေးပေါင်ချိန်တိုင်းတာတွေ တခြားစစ်ဆေးမှုတွေကို ဆောင်ရွက်ပါတယ်။ ဆေးထိုးတဲ့အခါမှာလည်း ထူးခြားမှုမရှိသလို အခုထိုးပြီးတဲ့ အချိန်မှာလည်း တခြားခံစားရတာမျိုး မရှိပါဘူး။ ပြည်သူတွေကို ကာကွယ်ဆေး ထိုးနှံပေးတာ ကောင်းပါတယ်။ ပြည်သူတွေအနေနဲ့လည်း ထိုးသင့်တယ်လို့ မြင်ပါတယ်” ဟု ပြောသည်။

### ချိတ်ဆွဲကြေညာထား

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့် နေရာများတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ဆေးထိုးနှံမည့်ပြည်သူလူထု သိရှိထားရမည့် အချက်များကို ကာကွယ်ဆေး လာရောက် ထိုးနှံသူများ မြင်သာသည့်နေရာများတွင် ချိတ်ဆွဲကြေညာထားသည်ကို တွေ့ရှိရသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံသူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းရွှေဝင်းက “ကာကွယ်ဆေး ထိုးဖို့ ဒီကိုရောက်တော့ ကျန်းမာရေးဝန်ထမ်းတွေက သွေးပေါင်ချိန်တယ်။ သွေးတွင်းအောက်ဆီဂျင် တိုင်းတယ်။ ဆေးမထိုးခင် ဘာရောဂါဖြစ်ဖူးလဲ၊ ဓာတ်မတည့်တဲ့ ဆေးတွေရှိသလား၊ ဆီးချို သွေးချိုရှိသလား၊ ကျန်းမာရေးအရ နေ့စဉ်သောက်နေရတဲ့ ဆေးတွေရှိသလား စတာတွေ မေးမြန်းထားတဲ့ စာရွက်ကို ဖြည့်စွက်ရတယ်။ ဒါတွေ လုပ်ဆောင်ပြီး ဆေးထိုးလို့ရတဲ့ အခြေအနေရှိမှ ဆေးထိုးပေးတယ်။ ကျန်းမာရေးဝန်ထမ်းတွေက ကူညီဆောင်ရွက်ပေးတော့ ဘာအခက်အခဲမှ မရှိပါဘူး။ ဆေးထိုးပြီးတော့ ဆေးထိုးပြီးကြောင်းနဲ့ ဘယ်နေ့မှာ ဒုတိယအကြိမ် ဆေးထိုးရမယ်ဆိုတာတွေပါတဲ့ ကတ်လေး ပေးတယ်။ အခုအချိန်ထိ ဆေးထိုးတာကြောင့် ထူးထူးခြားခြား ခံစားရတာ မရှိပါဘူး။ ကာကွယ်ဆေးပေါ်လာတာကတော့ အားတက်စရာကိစ္စပါပဲ။ ကာကွယ်ဆေးထိုးတာကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံဆောင်ရွက်နိုင်ပြီဆိုရင်တော့ လုပ်ငန်းအားလုံး ပုံမှန်လည်ပတ်နိုင်တဲ့အဆင့် ဖြစ်လာမှာပါ။ ဒုတိယအကြိမ် ကာကွယ်ဆေးမထိုးမီအတွင်း အခြားကာကွယ်ဆေးတစ်မျိုးမျိုးကိုမထိုးဖို့တော့ မှာလိုက်ပါတယ်။ ကာကွယ်ဆေးထိုးထားတာကြောင့် ကိုယ်ပူတာ၊ ဖျားတာရှိရင် သောက်ဖို့ ဆေးပေးလိုက်ပါတယ်” ဟု ပြောသည်။

ယနေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဝန်ကြီးဌာန ၁၁ ခုမှ အရာထမ်း စုစုပေါင်း ၄၉၁ ဦးအား ကာကွယ်ဆေးစတင်ထိုးနှံပေးခြင်းဖြစ်ပြီး ကျန်ရှိသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများကိုလည်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲမျိုး၊ ဓာတ်ပုံ-စိုးကိုကို**

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀) နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း (၁၃၇)မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂) ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် လျှောက်လွှာများခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| စုစုပေါင်း | | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ယောနိသော မနသိကာရ စိတ်ထားဖြင့် အေးချမ်းသာယာခြင်းကို ဆောင်ကြဉ်းနိုင်ပါစေ . . .

ငြိမ်းချမ်းမောင်

ကောလာဟလဆိုသည်ကို အခြေအမြစ်မရှိသော သတင်းစကားဟု နားလည်ထားကြပါသည်။ ကောင်းကျိုးမပြုသော သတင်းစကားဟုလည်း မှတ်ယူထားကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော် ပျူခေတ်နောက်ဆုံးကာလက လေပွေတိုက်၍ ငါ့စကော . . . ငါ့စကော ဟူသော သတင်းစကားတစ်ခုကြောင့် ပြည်ပျက်ခဲ့သည့်အဖြစ်ကို ကြားဖူးကြမည်ဖြစ်သည်။ ယင်းကို မြန်မာ့သမိုင်းရာဇဝင်များတွင် ဖော်ပြထားသည်။ ဤကဲ့သို့ မကောင်းသောသတင်းစကားမျိုးကြောင့် တိုင်းပြည်ပျက်သုဉ်းသွားသည်အထိ ဆိုးဆိုးရွားရွား ဖြစ်ခဲ့ရပါသည်။ ဤမှာဘက်ပိုင်းတွင်လည်း ကောလာဟလများ၊ အဖျက်အမှောင့်များကြောင့် ၁၉၈၈ ခုနှစ်ကကဲ့သို့ တိုင်းပြည်ပျက်စီးလုနီး အဖြစ်ဆိုးများနှင့် ကြုံခဲ့ရဖူးပါသည်။

ပျူခေတ်သရေခေတ္တရာ မြို့ကြီးပျက်သည့် ကောလာဟလမှသည် ယနေ့ခေတ်တိုင် တိုင်းပြည်မတည်မငြိမ်ဖြစ်စေမည့်၊ ပြည်သူလူထုစိုးရိမ်ပူပန်မှုဖြစ်စေမည့် ကောလာဟလသတင်းစကားများ၊ မကောင်းသောသတင်းစကားများကို မသမာသူများ၊ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေလိုသူများက ဆက်လက်၍ သတင်းထုတ်လွှင့်နေကြပါသည်။ မမှန်ကန်သော သတင်းများသည် သတင်းတု သို့မဟုတ် သတင်းမှား သို့မဟုတ် ကောလာဟလသတင်းများ ဖြစ်ကြပါသည်။

ထိုမမှန်ကန်သော သတင်းများသည် ပုံမှန်အခြေအနေ အချိန်အခါထက် ထူးခြားသော အခြေအနေအချိန်အခါတို့တွင် ပေါ်ထွက်လာတတ်သည်။ အထူးသဖြင့် ပြည်သူလူထုစိုးရိမ်ပူပန်မှု မြင့်မားနေသောအချိန်၊ လူ့ အသိုက်အဝန်းကြား အထင်အမြင်လွဲမှားနေသော အချိန်၊ နိုင်ငံရေးမတည်ငြိမ်သောအခါများတွင် မမှန်ကန်သော သတင်းများ၊ ကောလာဟလသတင်းများ၊ ပျက်စီးရာပျက်စီးကြောင်း သတင်းများ ပေါ်ထွက်လာပါသည်။ ဖန်တီးလာကြပါသည်။ လုပ်ကြံသတင်းသည် သတင်းအချက်အလက်အမှားဖြစ်ပြီး ပြည်သူလူထုကို အန္တရာယ်ဖြစ်စေရန် ရည်ရွယ်ပါသည်။ သတင်းအမှားသည် သတင်းအချက်အလက်အမှား ဖြစ်သော်လည်း ပြည်သူလူထုကို အန္တရာယ်ဖြစ်စေရန် တမင်ဖန်တီးထားခြင်း မဟုတ်ပါ။ မသမာသောသတင်းများသည် အဖြစ်အပျက်အမှန်ကို အခြေခံထားသော်လည်း ပြည်သူလူထုအား အန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားသည်ကို ခွဲခြားသိမြင်နားလည်ကြရန် လိုအပ်ပါသည်။

> “ တိုင်းပြည်တွင် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို အကြောင်းပြု၍ လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် ကောလာဟလသတင်းများ၊ အဖျက်အမှောင့်သတင်းများ၊ သတင်းတု၊ သတင်းမှားများ ပေါ်ထွက်လာပါသည်။ လုထုအတွင်း မတည်မငြိမ်ဖြစ်စေအောင်၊ စိုးရိမ်ပူပန်မှုများ မြင့်တက်လာအောင် ဖြန့်ဝေကြသည်ကို တွေ့ရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် လုပ်ကြံသတင်းများ၊ သတင်းမှားများ၊ ပုံဖျက်သတင်းများ၏ ခြိမ်းခြောက်မှုများ အလွန်ကြီးမားခဲ့ပါသည်။ ယင်းတို့သည် နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးဆက်များဖြစ်သည်”

သတင်းတု၊ သတင်းမှား၊ ကောလာဟလသတင်းများသည် ပြည်သူလူထုစိုးရိမ်ပူပန်မှုကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ဆိုးကျိုးများဖြစ်သည်။ တစ်နည်းဆိုလျှင် ပျက်စီးရာပျက်စီးကြောင်းသတင်းများ၊ ကောလာဟလသတင်းများသည် ပြည်သူလူထု စိုးရိမ်ပူပန်မှုဖြစ်အောင် တွန်းအားပေးသော အန္တရာယ်များဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် ဝိသမလောဘသားများ၊ နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်လိုသူများ၊ မသမာသူများက တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် အနှောင့်အယှက်ပေးမှုများအထိ ဖြစ်လာပါသည်။ အနီးစပ်ဆုံးအားဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလ၊ ရွေးကောက်ပွဲကာလ၊ ယခုနိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်နေသော ကာလများတွင် ကောလာဟလများ၊ ပျက်စီးရာပျက်စီးကြောင်းသတင်းများ အများဆုံးဖြစ်လာပါသည်။

> ❖ လတ်တလောတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို အကြောင်းပြု၍ လူမှုကွန်ရက်ကို အသုံးပြုကာ ကောလာဟလသတင်းများ၊ အဖျက်အမှောင့် သတင်းစကားများ အများအပြား ပေါ်ထွက်လာသည်။
>
> ❖ နိုင်ငံရေးထောက်ခံမှု၊ ကန့်ကွက်မှုများကို အကြောင်းပြုပြီး ပြည်သူများ ပါဝင်လာစေရန် ပြည်တွင်း / ပြည်ပမှ အချိန်အချက်ပြုလုပ်၍ ဆူညံသည့်လှုပ်ရှားမှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများအတွက် စိုးရိမ်စရာဖြစ်ရ

တိုင်းပြည်တွင် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို အကြောင်းပြု၍ လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် ကောလာဟလသတင်းများ၊ အဖျက်အမှောင့်သတင်းများ၊ သတင်းတု၊ သတင်းမှားများ ပေါ်ထွက်လာပါသည်။ လုထုအတွင်း မတည်မငြိမ်ဖြစ်စေအောင်၊ စိုးရိမ်ပူပန်မှုများ မြင့်တက်လာအောင် ဖြန့်ဝေကြသည်ကို တွေ့ရပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် လုပ်ကြံသတင်းများ၊ သတင်းမှားများ၊ ပုံဖျက်သတင်းများ၏ ခြိမ်းခြောက်မှုများ အလွန်ကြီးမားခဲ့ပါသည်။ ယင်းတို့သည် နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးဆက်များဖြစ်သည်။

လတ်တလောတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေကိုအကြောင်းပြု၍ လူမှုကွန်ရက်ကို အသုံးပြုကာ ကောလာဟလသတင်းများ၊ အဖျက်အမှောင့်သတင်းစကားများ အများအပြားပေါ်ထွက်လာသည်။ နိုင်ငံရေးထောက်ခံမှု၊ ကန့်ကွက်မှုများကို အကြောင်းပြုပြီး ပြည်သူများပါဝင်လာစေရန် ပြည်တွင်း/ ပြည်ပမှ အချိန်းအချက်ပြုလုပ်၍ ဆူညံသည့်လှုပ်ရှားမှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများအတွက် စိုးရိမ်စရာ ဖြစ်ရသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုများစေပြီး မတည်မငြိမ်ဖြစ်အောင် ဖန်တီးမှုများ ပြုလုပ်လာကြသည်။ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေနှင့်အညီ တရားဝင်အသုံးပြုနေသော ကျပ် ၅၀၀၀ တန်၊ ကျပ် ၁၀၀၀၀ တန်ငွေစက္ကူများ ရုပ်သိမ်းမည်ဟူသည့် ကောလာဟလများနှင့် ဘဏ်များ ပိတ်သိမ်းမည်ဟူသည့် သတင်းမှားများ ပေါ်ထွက်လာခဲ့သည်။ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့မှာ စိုးရိမ်ပူပန်မှုများဖြစ်ပြီး စုငွေထုတ်ယူမှုများ ဖြစ်ပေါ်ခဲ့ကြသည်။ ယင်းမှာ မဟုတ်မမှန်ကြောင်း ဗဟိုဘဏ်က ပြည်သူများအား ပြန်လည်ရှင်းလင်းအသိပေးခဲ့ရသည်။

ကောလာဟလသတင်းများ၊ သတင်းတု၊ သတင်းမှားများသည် တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေသည့် အဖျက်အမှောင့်သတင်းစကားများသာဖြစ်သည်။ ပြည်သူလူထု စိုးရိမ်ပူပန်မှုဖြစ်စေရန်၊ ပြည်သူလူထုအတွင်း အန္တရာယ်ကျရောက်စေရန်၊ တိုင်းပြည်ပြိုကွဲပျက်စီးရန် ရည်ရွယ်ချက်ရှိရှိ တမင်တကာဖန်တီးမှုများပင်ဖြစ်သည်။ တစ်ခုအသိပေးလိုသည်မှာ သွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ မိမိတို့၏ခံယူချက်၊ စိတ်ခံစားချက်ကြောင့်ဖြစ်စေမည်သည့်အကြောင်းကြောင့် ဖြစ်စေကာမူယင်းလုပ်ဆောင်မှုများသည် တည်ဆဲဥပဒေများကို ဆန့်ကျင်ချိုးဖောက်ခြင်းဖြစ်၍ အရေးယူခြင်းခံရနိုင်သည်ကို သတိပြုသင့်ပါသည်။

သို့ဖြစ်၍ အခြေအမြစ်မရှိသော မကောင်းသောသတင်းစကားများ၊ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လှုံ့ဆော်မှုများ၊ အကျိုးပျက်စီးရာပျက်စီးကြောင်း ကြိုတင်စကားများ၊ မကောင်းသော ကောလာဟလ သတင်းစကားများကို ရှောင်ရှားပြီး ကောင်းသောတစ်စုံတစ်ရာ ဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသော ကောင်းသောကြွေးကြော်စကား၊ ကြိုတင်ဖြစ်ပေါ်နေသော ကောင်းသော သတင်းစကားများအား ကောင်းသောယောနိသော မနသိကာရစိတ်ထားဖြင့် မြန်မာပြည်ကြီး အေးချမ်းသာယာအောင် ဆောင်ကြဉ်းပေးကြပါရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၈ မှ*

အားလုံးအတွက် လျှို့ဝှက်ချက်မဟုတ်ဘဲ အလွယ်တကူ သိရှိနိုင်သည့်အချက်မှာ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အမေရိကန်လူမျိုး George Soros ၏ Soros Fund ရန်ပုံငွေအဖွဲ့အစည်းတစ်ခုဖြစ်သော Open Society Institute (OSI) အနေဖြင့် အခြေချလုပ်ကိုင်လျက်ရှိနေပါသည်။ ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ရာတွင်လည်း အာဏာရ NLD ပါတီအစိုးရအနေဖြင့် အမေရိကန်အခြေစိုက် ကုမ္ပဏီနှစ်ခု၏ အကူအညီကို ရယူဆောင်ရွက်ခဲ့သည်မှာလည်း သိသာထင်ရှားလှပါသည်။

**ပထဝီဝင်နိုင်ငံရေးအကျိုးစီးပွားတို့၏ ဗဟိုချက်မ**

မြန်မာနိုင်ငံသည် အင်ဒို-တရုတ်ကျွန်းစု ဒေသတွင်း နိုင်ငံများအနက် အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်း အစရှိသည့် နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့ထိပ်သီး နိုင်ငံကြီးများ၏ မဟာဗျူဟာမြောက် စိတ်ပါဝင်စားမှုကို ခံရသော ပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပါသည်။ ထိုနိုင်ငံများထဲတွင် အရှေ့တောင်အာရှအဖွဲ့ဝင် အာဆီယံနိုင်ငံများ၊ အိန္ဒိယ၊ တရုတ်နှင့် ဒေသတွင်းမဟုတ်သော နိုင်ငံကြီးများနှင့်လည်း နေပြည်တော်အနေဖြင့် ဘက်မလိုက်သော မိတ်ဖက်ဆက်ဆံရေးကို ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုမဟာမိတ်နိုင်ငံစာရင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း အရေးကြီးသည့်နေရာတွင် ပါဝင်လျက်ရှိပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများနှင့် ချစ်ကြည်ရေးဆောင်ရွက်မှုများကို ဘက်ပေါင်းစုံမှ တတ်စွမ်းသမျှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် ၎င်းတို့ နိုင်ငံတည်ငြိမ်အေးချမ်းရေး အကျိုးစီးပွားအတွက် ရည်ရွယ်၍ လုပ်ဆောင်နေခဲ့ခြင်းများသာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံအရေးကြုံချိန်တွင် အနောက်နိုင်ငံများ၏ “ရောင်စုံဆူပူသောင်းကျန်းမှု” နည်းစနစ်များဖြင့် သွေးထိုးလှုံ့ဆော်ကာ ဆောင်ရွက်လာမည့် အာဏာရအစိုးရအား အကြမ်းမဖက်ဆူပူအုံကြွမှုများကို ထိန်းချုပ်ရန်နှင့် ပြည်ပနိုင်ငံတို့၏ စစ်ရေးအရ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာမှုတို့ကို ဟန့်တားရာတွင် မော်စကိုသည် အဓိကအားအထားရဆုံးသော မဟာမိတ်အင်အားတစ်ခု ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့ တိုင်းတစ်ပါး၏ နိုင်ငံရေးကို အကွက်ချဝင်ရောက်နှောင့်ယှက်နေသော ဇာတ်ညွှန်းရေး နိုင်ငံကြီးများအကြောင်း အားလုံးကြားသိပြီး ဖြစ်ပါလိမ့်မည်။ အမေရိကန်နှင့် ၎င်းတို့၏ မဟာမိတ်အနောက်နိုင်ငံများ အနေဖြင့် အာရှဒေသအပေါ် နိုင်ငံရေးနှင့် စီးပွားရေးအရ အကျိုးစီးပွားစိတ်ပါဝင်စားမှုများ မြင့်တက်လျက်ရှိနေပါသည်။ လူဦးရေ ၅၃ သန်းကျော် မီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အမေရိကန်နိုင်ငံနှင့် ဥရောပမဟာမိတ်နိုင်ငံတို့၏ စီးပွားရေးပိတ်ဆို့မှုများကို နှစ်ပေါင်းများစွာ ရင်ဆိုင်ဖြတ်သန်းနေရသည့်အချက်ကို မေ့ထား၍ မရပါ။

ထိုကဲ့သို့ မြန်မာနိုင်ငံအပေါ် မျက်စိကျ အစဉ်ပတ်သက်နှောင့်ယှက်နေရသည့် အကြောင်းအရင်းမှာ ထိုနိုင်ငံ၏အရေးပါလှသောပထဝီဝင်တည်နေရာအနေအထားနှင့် ပိုင်ဆိုင်သော ပေါကြွယ်ဝလှသည့် မြေပေါ်မြေအောက်သယံဇာတများကြောင့်ဖြစ်သည်မှာ သိသာထင်ရှားလွန်းလှပါသည်။ အရှေ့တောင်အာရှတွင်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ဟန်ပြင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သလို ၎င်းတို့၏ ပြိုင်ဘက်နိုင်ငံအဖြစ်ပင် သတ်မှတ်လာနိုင်သည်ဖြစ်ရာ ၎င်းတို့၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန် ရည်ရွယ်ချက်ရှိစွာ လုပ်ဆောင်လျက်ရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားကြိုးစားစွာ ထမ်းဆောင်လျက်ရှိသော တပ်မတော်ကဲ့သို့သော အဖွဲ့အစည်းကိုလိပ်မူကာ မဟုတ်မမှန်လုပ်ကြံဇာတ်လမ်းများဖြင့် စွပ်စွဲအပြစ်တင်ပြီး ပြည်သူနှင့် အစိုးရအကြား သွေးခွဲလှုံ့ဆော်လျက်ရှိနေပါသည်။

ဥပမာအနေဖြင့် ဖော်ပြရလျှင် ယခုဖြစ်စဉ်များမတိုင်မီ လပိုင်းကာလများဆီက မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးပေါက်မှတစ်ဆင့် အစ္စလာမ်မစ် အစွန်းရောက် အကြမ်းဖက် အဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားမှုများရှိလာပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရုံမျှမက မြန်မာနိုင်ငံ၏ အရှေ့မြောက်နယ်စပ် တရုတ်နိုင်ငံနယ်နိမိတ်ထိ ထိုးဖောက်ကာ အရှေ့တောင်အာရှမှတစ်ဆင့် ရုရှားနိုင်ငံ၏ အရှေ့ဖျားဒေသထိတိုင် ဦးတည်ရွေ့လျားလာနိုင်သည့် အန္တရာယ်ကို သတိပြုကြရမည် ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အသက်ကြီးတဲ့သူတွေမှာ အလွန်အန္တရာယ်ကင်းတယ်ဆိုတာကို မျက်မြင်အခြေအနေတွေမှာ တွေ့ရတယ်။ အသက် ၆၅ နှစ် အထက်တွေအနေနဲ့လည်း ကာကွယ်ဆေးထိုးနှံသင့်တယ်လို့ အကြံပြုပြောကြားလိုပါတယ်။

ဒေါက်တာ ထွန်းမြင့်

တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)
ဓာတ်ပုံ-ဇော်မင်းလတ်


ဒေါက်တာထွန်းမြင့်


ဒေါက်တာအောင်ခင်


ဒေါ်စန်းခင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့ရှိ အသက် ၆၅ နှစ်အထက် သက်ကြီးများအား ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းမှ စတင်၍ အဆိုပါမြို့နယ်များရှိ စာသင်ကျောင်းများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရန် ဒဂုံမြို့နယ်တွင် အထက(၁)(ဒဂုံ)၊ ပန်းဘဲတန်းမြို့နယ်တွင် အထက(၁)(ပန်းဘဲတန်း)နှင့် ဗိုလ်တထောင်မြို့နယ်တွင် အထက(၄) (ဗိုလ်တထောင်)တို့တွင် စီစဉ်ဆောင်ရွက်ထားပြီး ကာကွယ်ဆေးထိုးနှံကြသည့် သက်ကြီးများ အရေးပေါ်ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အချိန်မီကုသနိုင်ရန် ကျန်းမာရေးဌာနမှ ဆေးအဖွဲ့များ၊ အရေးပေါ်လူနာတင်ယာဉ်များ၊ အောက်ဆီဂျင်အိုးများကို စီစဉ်ဆောင်ရွက်ထားသည်။

အသက် ၆၅ နှစ်အထက် သက်ကြီးများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စနစ်တကျထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ကာကွယ်ဆေးထိုးနှံကြသည့် သက်ကြီးများအား တွေ့ဆုံမေးမြန်းထားသည်တို့ကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာထွန်းမြင့်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို ပုံမှန်အစီအစဉ်အတိုင်း သွားနေပါတယ်။ သက်ကြီးရွယ်အိုတွေကို ကာကွယ်ဆေးထိုးပေးဖို့ ကနဦးက စိုးရိမ်မှုရှိခဲ့ပါတယ်။ ပထမဆုံး ကျန်းမာရေးဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးတဲ့ အခြေအနေတွေကို စောင့်ကြည့်တဲ့အခါကျတော့ အသက်ကြီးလေ ဒီကာကွယ်ဆေးက အန္တရာယ်ကင်းလေဖြစ်တာကို ပိုပြီးတွေ့ရတယ်။ ကာကွယ်ဆေးထိုးပြီး ငယ်ရွယ်တဲ့သူတွေက ပိုပြီးဖျားကြတယ်။ တချို့လည်း အဆစ်ကိုက်တာ၊ နှာစေးသွားတာလေးတွေရှိတယ်။ ဒါပေမယ့် အသက်ကြီးတဲ့သူတွေမှာ မဖြစ်တာများတယ်။ တချို့ဆို ကာကွယ်ဆေးထိုးပြီး ဆေးရဲ့သက်ရောက်မှုက ဘာမှမရှိတာကို တွေ့နေရတယ်။ အသက်ကြီးတဲ့သူတွေမှာ အလွန်အန္တရာယ်ကင်းတယ်ဆိုတာကို မျက်မြင်အခြေအနေတွေမှာ တွေ့ရတယ်။ အသက် ၆၅ နှစ် အထက်တွေအနေနဲ့လည်း ကာကွယ်ဆေးထိုးနှံသင့်တယ်လို့ အကြံပြုပြောကြားလိုပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးက ကျွန်တော်တို့ ပြည်သူတွေအားလုံး မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒီအချိန်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလလည်း ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ကျွန်တော်တို့ရဲ့ထွက်ပေါက်က ကာကွယ်ဆေးပါပဲ။ ကိုဗစ်ကာကွယ်ဆေးကို ထိုးထားတဲ့အတွက်ကြောင့်မို့လို့ ရောဂါဖြစ်ပွားမှုတွေ ကျဆင်းလာမယ်။ ပြည်သူလူထုထဲမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးတာ ဒါပထမဆုံး ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ပြည်သူလူထု အန္တရာယ်မဖြစ်စေရေးအတွက် သတိထားပြီး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ အားလုံး အဘက်ဘက်က ပြည့်စုံမှ ကာကွယ်ဆေးထိုးနှံမှု စတင်တာဖြစ်ပါတယ်။


ဦးရာစိုး


ဒေါ်တင်ရီ


ဦးမောင်မောင်ဦး


ဒေါ်စန်းရီ

**ဒေါက်တာအောင်ခင်**
**(ရန်ကုန်အနောက်ပိုင်းခရိုင်**
**ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ)**

ဒီနေ့က ပထမအဆင့်အနေနဲ့ ၆၅ နှစ်အထက် သက်ကြီးပိုင်းတွေကို ဦးစားပေးထိုးနှံတာ ဖြစ်ပါတယ်။ အထက(၁)ဒဂုံမှာ ကနဦးအနေနဲ့ လူဦးရေ တစ်ရာကို ကာကွယ်ဆေး စတင်ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးမယ့်သူတွေကို ဖုန်းနဲ့အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးမယ့် သက်ကြီးတွေကို အချက် ၁၀ ချက်ပါတဲ့ ဖောင်လေးတွေပေးတယ်။ ဖောင်ဖြည့်ပြီးရင် ကျွန်တော်တို့ ပြန်စစ်တယ်။ ရောဂါရှိခဲ့လို့ရှိရင် သူတို့သောက်တဲ့ဆေးတွေကို ကြည့်ပါတယ်။ ကာကွယ်ဆေးထိုးပြီးသွားရင် ဘယ်မှမသွားခိုင်းဘဲ ခေတ္တခဏ နာရီဝက် နားခိုင်းပါတယ်။ ဒီကြားထဲမှာ မတော်တဆ ရောဂါလက္ခဏာပြရင် ဆေးသေတ္တာတွေ အဆင်သင့်ထားရှိထားပါတယ်။ ကြက်ခြေနီ လူနာတင်ယာဉ်နှစ်စီးကိုလည်း ထားရှိထားပါတယ်။

**ဒေါ်စန်းခင်**
**(ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်)**

အဘွားက အသက် ၈၄ နှစ် ရှိပါပြီ။ ကာကွယ်ဆေးထိုးဖို့အတွက် ရပ်ကွက်က စာရင်းလာကောက်ပါတယ်။ ကာကွယ်ဆေးထိုးခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ အခါတိုင်း ရိုးရိုးဆေးတွေ ထိုးသလိုပါပဲ။ ဘာမှမဖြစ်ပါဘူး။ အဘွားတို့လို သက်ကြီးတွေလည်း ကာကွယ်ဆေး လာထိုးကြပါလို့ ပြောချင်ပါတယ်။ ဘာမှမဖြစ်ပါဘူး။ ကာကွယ်ဆေးထိုးထားတာ ကိုယ့်အတွက် ကောင်းတာပေါ့။

**ဦးရာစိုး**
**တရားလွှတ်တော်ရှေ့နေ**
**(ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်)**

အသက် ၇၉ နှစ် ရှိပါပြီ။ ကာကွယ်ဆေးထိုးဖို့ စာရင်းလာကောက်တယ်။ မနေ့ကတော့ ကျန်းမာရေးဌာနက ဖုန်းဆက်တယ်။ မနက် ၁၀ နာရီမှာ အထက(၁)ဒဂုံမှာ ကာကွယ်ဆေးထိုးပေးဖို့ရှိတယ် ပြောပါတယ်။ ကာကွယ်ဆေးထိုးမယ်ဆိုရင် လာခဲ့ပါဆိုလို့ အခု ဆေးလာထိုးတာပါ။ ကာကွယ်ဆေး ထိုးပြီးပါပြီ။ ဘာမှမဖြစ်ပါဘူး။ ကျွန်တော့်အရွယ် အသက်ကြီးတဲ့သူတွေအနေနဲ့ ကာကွယ်ဆေး ထိုးသင့်တယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ အသက်အရွယ်က ခုခံအားကနည်းပြီ။ ရောဂါဖြစ်ရင် ခက်ခဲမှုရှိတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးသင့်တယ်လို့ ပြောချင်ပါတယ်။

**ဒေါ်တင်ရီ**
**(ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်)**

အသက် ၈၂ နှစ်ရှိပါပြီ။ ကာကွယ်ဆေးထိုးဖို့ ရပ်ကွက်ထဲက အမျိုးသမီးလေးတွေ အိမ်ကို စာရင်းလာယူပါတယ်။ ကာကွယ်ဆေးထိုးပြီး ကိုက်တာခဲတာ ဘာမှမဖြစ်ပါဘူး။ အိမ်ကလာတဲ့အတိုင်းပါပဲ။ အဘွားက အရင်ကတည်းက ဆီးချို၊ သွေးချို မရှိဘူး။ ကျန်းမာရေးကတော့ ကောင်းတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း လိုက်နာရမယ့် စည်းကမ်းတွေကို ကျန်းမာရေးက စာရွက်ပေးထားပါတယ်။ အိမ်ကျမှပဲ သေသေချာချာ ဖတ်ကြည့်ရမယ်။

**ဦးမောင်မောင်ဦး (အမှတ်(၃) ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်)**

ကျွန်တော် အသက် ၇၂ နှစ် ရှိပါပြီ။ ကာကွယ်ဆေးမထိုးခင်က အစာဝဝစားထားတယ်။ ထိုးပြီးတော့လည်း ထွေထွေထူးထူး ဘာမှမဖြစ်ပါဘူး။ ဒီမှာလည်း လုပ်တာကိုင်တာတွေက တော်တော်စည်းစနစ်ကျပါတယ်။ အခု ကာကွယ်ဆေးထိုးပြီးလို့ နာရီဝက် ခေတ္တနားနေတာပါ။ ကျွန်တော်တို့လို သက်ကြီးတွေအနေနဲ့ ကိုယ့်ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ဆေးလာထိုးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပေးထားတဲ့ စာရွက်ထဲမှာလည်း ပါပါတယ်။ မိမိဆရာဝန်နဲ့ တိုင်ပင်ပြီး ကာကွယ်ဆေးထိုးလို့ရ မရ ညွှန်ကြားချက်မှာလည်း ပါပါတယ်။ ဒီကာကွယ်ဆေးထိုးတဲ့နေရာမှာလည်း ဆရာဝန်နဲ့ စနစ်တကျစိစစ်ပါတယ်။ အဆင့်ဆင့်စိစစ်ပြီးမှ ကာကွယ်ဆေးထိုးပေးတာပါ။ ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေလည်း လာထိုးကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်စန်းရီ (အမှတ်(၁)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်)**

အသက် ၇၃ နှစ်ရှိပါပြီ။ ကာကွယ်ဆေးထိုးမယ်ဆိုတော့ အိမ်ကနေ အစာစားလာပါတယ်။ နှလုံးနဲ့ သွေးတိုး ရောဂါရှိတော့ ဒီရောက်မှ ဆေးသောက်ရတယ်။ ဆေးထိုးပြီး ဘယ်လိုမှတော့ မနေပါဘူး။ ပုံမှန်ဆေးထိုးတဲ့အတိုင်းပါပဲ။ ဆေးမထိုးခင်တော့ ရင်နည်းနည်းတုန်တယ်။ ဆေးထိုးရတာ ကိုယ်နဲ့အဆင်မှ ပြေပါ့မလားဆိုပြီး ထိုးပြီးတော့လည်း ဘာမှမဖြစ်ပါဘူး။ ရောဂါအခံရှိရင်လည်း မထိုးဘဲမနေပါနဲ့။ ကိုယ်ပြနေတဲ့ ဆရာဝန်နဲ့ တိုင်ပင်ပြီး ဆေးထိုးကြပါလို့ ပြောချင်ပါတယ်။

■ *ကျောဖုံးမှ*

မြို့ပေါင်း ၂၅ မြို့ဝန်းကျင်ကို ယာဉ်လိုင်းပေါင်း ၃၅ လိုင်းဝန်းကျင်မှ ယာဉ်စီးရေ ၅၀ ကျော် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ လတ်တလော ပြေးဆွဲပေးနေသော ယာဉ်လိုင်းအများစုမှာ ခရီးသည်လိုက်ပါစီးနင်းမှုနည်း၍ ပါဆယ်ကုန်များကိုသာ ဦးစားပေးသယ်ဆောင်ပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ ရန်ကုန်အခြေပြုအဝေးပြေးယာဉ်လိုင်းများကို အောင်မင်္ဂလာအဝေးပြေးကားကွင်းနှင့် ဒဂုံရေးအဝေးပြေးကားကွင်း နှစ်ခုစလုံးမှ အဝေးပြေးယာဉ်လိုင်းများ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့်မှာ လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမျှော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေး လုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိ လည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့်နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး(၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျ ချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဘူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာ လိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝ ရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့၊ အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့်ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့် အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည် ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ပြည်နယ် / တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ခွင့်ကို ၁၀ လကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအခါ COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်တို့ဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဘုရားဖူးမြော်နိုင်ရေး ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### စုပေါင်းလုပ်အား ဒါနဆောင်ရွက်

ထို့ကြောင့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်မှ တပ်မတော်သားများက စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် အထက်ပစ္စယာတို့၌ အမှိုက်များ ရှင်းလင်းခြင်း၊ ရေဖြင့်ဆေးကြောသန့်စင်ပေးခြင်းနှင့် စေတီတော်အား ရောင်တော်ဖွင့်ပေးခြင်းတို့ကို စုပေါင်းလုပ်အား ဒါနဆောင်ရွက်ပေးသည်။

### လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်

ထို့အတူ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးတပ်နယ်မှ တပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မန္တလေးတိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက ဂေါပကအဖွဲ့ဝင်များနှင့်အတူ လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

### စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေး

အလားတူ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတို့ရှိ တန်ခိုးကြီး ဘုရားစေတီများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင်အဆောက်အဦများ၊ ဝင်လမ်း ထွက်လမ်းနေရာများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ကိုဗစ်– ၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ

ဂျီနီဗာ ဖေဖော်ဝါရီ ၅

**(၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ဗော်ကန်ဘော့ဇ်ကားရ်သည် ဖေဖော်ဝါရီ ၄ ရက်က ကိုဗစ်–၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။**

ကာကွယ်ဆေးထိုးနှံခံပြီးနောက် ဘော့ဇ်ကားရ်က ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကာကွယ်ဆေး သာတူညီမျှဖြန့်ဝေပေးရန် ဦးစားပေးကိစ္စအနေဖြင့် ကျန်ရှိနေသေးကြောင်း ပြောကြားလိုက်သည်။ ကာကွယ်ဆေးရရှိသည့်အချိန်တွင် ကာကွယ်ဆေးအားလုံး ထိုးနှံနိုင်ရန် ၎င်းက လူများကို တိုက်တွန်းအားပေးကြောင်းနှင့် ကာကွယ်ဆေးသည် လူများစွာ၏အသက်ကို ကယ်တင်နိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဘော့ဇ်ကားရ်က နယူးယောက်ပြည်နယ် ကျန်းမာရေးဌာနတွင် ကာကွယ်ဆေးထိုးခံရန် အွန်လိုင်းပေါ်တွင် လျှောက်ထားခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်က ကာကွယ်ဆေး ထိုးရန် ဂျာဗစ်စင်တာသို့ သွားခဲ့သည်။ ၎င်းသည် ကာကွယ်ဆေးထိုးရန် ရွေးချယ်ခံခဲ့ရသည်။ အကြောင်းမှာ ၎င်းသည် နယူးယောက်တွင် နေထိုင်ကာ အသက် ၆၅ နှစ် ကျော်လွန်နေသောကြောင့်ဖြစ်ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ ဗာမာက ပြောကြားလိုက်သည်။ ၎င်းသည် ဖိုက်ဇာဘိုင်ရွန်တက်ခ် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံမှုခံယူရမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က လွန်ခဲ့သောသီတင်းပတ်က ကိုဗစ်– ၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခံခဲ့သည်။ သို့သော်လည်း ဘေးထွက်ဆိုးကျိုးမရှိကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၄ ရက်က ပြောကြားသည်။

အတွင်းရေးမှူးချုပ်သည် ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း၊ မည်သည့်ဘေးထွက်ဆိုးကျိုးမှ မရှိကြောင်းနှင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခံရန် စောင့်ဆိုင်းလျက်ရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောကြားသည်။

နယူးယောက် စည်းမျဉ်းစည်းကမ်းများအရ ဂူတာရက်ဇ်သည် အသက် ၆၅ နှစ်ကျော်ရှိပြီဖြစ်ပြီး မရှိမဖြစ်အရေးပေါ်ဝန်ထမ်းများနှင့် အတူတကွ ကာကွယ်ဆေးအထိုးခံရမည့် ပထမဦးစားပေးအဖွဲ့တွင် ပါဝင်ကြောင်း သိရသည်။ ၎င်းအား ဇန်နဝါရီ ၂၈ ရက်က ဘရော့နဲရှိ အထက်တန်းကျောင်းတွင် မော်ဒါနာကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



(၇၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌ ဗော်လ်ကန်ဘော့ဇ်ကားရ်သည် နယူးယောက်ရှိ ဂျာဗစ်စင်တာသို့ ရောက်ရှိပြီး ကိုဗစ်– ၁၉ ကာကွယ်ဆေးအထိုးခံနေသည်ကို တွေ့ရစဉ်။

## အသွင်ပြောင်း ကိုဗစ်- ၁၉ ကို ခုခံနိုင်စွမ်းရှိသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးတစ်သန်းကို ဧပြီလမတိုင်မီ ကျူးဘားဖြန့်ဝေမည်

**ဟာဗားနား ဖေဖော်ဝါရီ ၅**

ကျူးဘားနိုင်ငံသည် ဧပြီလနှောင်းပိုင်းတွင် ၎င်း၏ ကိုဗစ်– ၁၉ ကာကွယ်ဆေးဖြစ်သည့် ဆိုဘီရာနာ ဇီးရိုးတူးကာကွယ်ဆေးကို သန်းချီ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း ဇီဝဆေးဝါး အာဏာပိုင်အဖွဲ့က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ဖေဖော်ဝါရီ ၄ ရက်က ပြောကြားလိုက်သည်။

ကျူးဘားကာကွယ်ဆေးသည် အခြေအနေကောင်းနေပြီဖြစ်ကြောင်း ဘိုင်အိုကျူးဘားဖားမားဥက္ကဋ္ဌ အက်ဒွါဒိုမာတီနက်ဇ်က ပြောကြားလိုက်သည်။ ဘိုင်အိုကျူးဘားဖမ်းသည် သုတေသနစင်တာ ၂၁ ခုနှင့် ကုမ္ပဏီ ၃၂ ခုပေါင်းထားသော နိုင်ငံတော် ကုမ္ပဏီကြီးဖြစ်သည်။ ကျူးဘားနိုင်ငံသည် ၎င်း၏ နိုင်ငံသားအားလုံးကို ပထမအကြိမ်ကာကွယ်ဆေးထိုးပေးနိုင်မည့် နိုင်ငံဖြစ်လာတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကျွန်းနိုင်ငံလေးသည် မတူညီသော မျိုးနွယ်စုများ အရေအတွက်အားဖြင့် ၁၁ သန်း ရောယှက်မှီတင်း နေထိုင်လျက်ရှိပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးလေးမျိုးကို ရှာဖွေစမ်းသပ်ဖော်ထုတ်လျက်ရှိသည်။ အဆိုပါကာကွယ်ဆေးလေးမျိုးမှာ ဆိုဘီရာနာဇီးရိုးဝမ်း၊ ဆိုဘီရာနာဇီးရိုးတူး၊ မမ်ဘီဆာနှင့် အက်ဘ်ဒါလာတို့ ဖြစ်ကြသည်။

ကျူးဘားသည် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်လျက်ရှိသည့် တစ်ခုတည်းသော လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခုနှစ်တွင် ဆိုဘီရာနာဇီးရိုးတူးကို သန်း ၁၀၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။

ဟာဗားနားဖင်လေးအင်စတီကျူ ကိုဗစ်ကာကွယ်ဆေး (အိုင်အက်ဖ်ဗွီ)နှင့် မျိုးရိုးဗီဇဆိုင်ရာအင်ဂျင်နီယာလုပ်ငန်းနှင့် ဇီဝနည်းပညာဌာန (စီအိုင်ဂျီဘီ)တို့သည် နိုင်ငံတွင်း ကိုဗစ်– ၁၉ ကာကွယ်ဆေးထုတ်လုပ်နေသူများဖြစ်ကြသည်။

| ၂ | ဒေါ်မြစိမ်း (မရမ်းကုန်းမြို့နယ်) | ၃၀၀.၀၀ |
| ၃ | ဦးကောင်းမျိုးထက် (လှိုင်ကော်မြို့) | ၃၀၀.၀၀ |
| ၄ | ဦးသန့်ဇင် (မုံရွာမြို့) | ၁,၀၀၀.၀၀ |
| ၅ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ | ၁,၂၄၉.၀၈ |
| ၆ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်များ | ၁၅,၈၆၅.၀၀ |
| | ၁-၂-၂၀၂၁ | ၅၀၀.၀၀ |
| ၁ | One Ocean Network Express (Myanmar)Ltd, International Commercial | ၅၀၀.၀၀ |
| | Center (ဗိုလ်တထောင်မြို့နယ်) | |
| | | |
| | စုစုပေါင်း | ၃၀,၃၃၇.၂၅ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၁၅ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၃၈) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံတွင် Employment Permit System- EPS စနစ်ဖြင့် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၆ ဦး၊ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပိတ်မိနေသည့် ၁၂ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၈ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဖေဖော်ဝါရီ ၅**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့တွင် ကုန်စည်စီးဆင်းမှုနှင့် ကုန်စည်ဈေးနှုန်းများ ပုံမှန်အခြေအနေရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့သည် ထိုင်းနိုင်ငံ တောင်ပိုင်း ရနောင်းမြို့နှင့်နီးကပ်သည့် နယ်စပ်မြို့ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုလုပ်ငန်းများ သတိပြုဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ကုန်စည်စီးဆင်းမှုနှင့် အခြေခံစားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ ပုံမှန်အခြေအနေဖြင့် ဒေသတွင်းပြည်သူများ ရောင်းဝယ်လျက်ရှိသည်။

နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့ ပြည်သူများအနေဖြင့် အသီးအရွက်၊ အသားငါးနှင့် စားသောက်ကုန်တချို့ကို တစ်ဖက် ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ဝယ်ယူတင်သွင်းမှု စားသုံးမှု ယခင်ကတည်းကရှိခဲ့ရာ ယခုကာလအတွင်း ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် နှစ်နိုင်ငံ ကူးသန်းသွားလာမှု ပိတ်ပင်တားမြစ်ထားသော်လည်း ထိုင်းနိုင်ငံမှ ဒေသသုံးအခြေခံစားကုန် တင်သွင်းမှုနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုများကို နှစ်နိုင်ငံ အဖွဲ့အစည်းများ၏ ညှိနှိုင်းမှုဖြင့် ကိုဗစ် - ၁၉ ရောဂါ တားဆီးကာကွယ်၊ ထိန်းချုပ်မှု လုပ်ငန်းများ အပြန်အလှန် စနစ်တကျသတိပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နေပြည်သူများ၏ အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ပြည်တွင်းပို့အခြားကုန်ပစ္စည်းများမှာ ကော့သောင်း-ရန်ကုန်ပြည်ထောင်စုလမ်းပိုင်းမှ မော်တော်ယာဉ်များဖြင့် ပုံမှန် စီးဆင်းပို့ဆောင်ရောင်းဝယ်မှုများကြောင့် ဒေသတွင်း ကုန်ပစ္စည်းပြတ်လပ်ရှားပါးမှု မဖြစ်ပေါ်သည့်အပြင် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ထီးချိုင့်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ထီးချိုင့် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပေါက်နက်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နေမှု ယနေ့တွင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၂ ဒသမ ၇ သန်း စုစုပေါင်း ငွေကျပ် ၃၇ သန်းဖြင့် မီးကြိုးသွယ်တန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြပြီး အသင်းသား ၁၈၇ ဦးအား ငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း၊ ယခုအခါ အိမ်ခြေ ၃၀၈ အိမ် လျှပ်စစ်မီးလင်းနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၀ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၅ . ၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၉၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၇၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၆၀၀ | ၁၆၆၅ | ၁၅၄၅၃၅၀၀ |
| MTSH | ၃၅၀၀ | ၃၇၀၀ | ၈၉၀၄ | ၃၂၂၉၃၁၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၄၈ | ၁၀၅၆၀၀၀ |
| TMH | ၂၄၅၀ | ၂၆၀၀ | ၁၈၅ | ၄၆၅၀၀၀ |
| EFR | ၃၁၅၀ | ၃၅၀၀ | ၂၄၆ | ၈၃၇၃၀၀ |

ခင်ရတနာ - စုစည်းသည်





**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**



**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



# အသံထွက်မှားများအကြောင်း

**မောင်ခင်မင် (ဓနုဖြူ)**

"ဦး နေကောင်းပါတယ်နော်"

"ဟေ-ငါ့တူ အင်္ဂလိပ်စာပညာရှိ။ မပေါ်လာတာကြာပြီ"

"အင်္ဂလိပ်စာပညာရှိတော့မဟုတ်ပါဘူး ဦးရယ်။ တတ်သလောက်မှတ်သလောက်သင်ပြနေတာပါ။ ဦးဆီမရောက်တာ ကြာလို့"

"ဟုတ်ပါပြီ။ သင်ရ ကြားရတာအဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် ဦးရယ်။ ပြေပါတယ်။ ကြားဖြတ်ပြီးလာတက်တဲ့ကျောင်းသားတချို့ကိုတော့ အသံထွက်တွေ တော်တော် ပြင်ပေးနေရတယ်"

"ဩော်၊ အေးပေါ့"

"သူတို့အသံထွက်က တော်တော်အသားကျနေပြီဆိုတော့ ပြင်ပေးရတာ သိပ်မလွယ်ပါဘူး ဦးရယ်"

"ဘယ်လိုမလွယ်တာလဲကွဲ့"

"မြန်မာစာနဲ့ တိုက်ရိုက်မဆိုင်ပေမဲ့ အင်္ဂလိပ်စကားလုံးတွေကို မြန်မာလို အသံထွက်တာတို့၊ ဘာသာပြန်တာတို့ကျတော့ မြန်မာစာနဲ့ပတ်သက်နေတာမို့ ဦးကိုပဲ တိုင်တည်ပြီး ပြောနေရတာပါ"

"ဟုတ်ပါပြီ။ ကဲ-ပြောပါအုံး"

"သူတို့ကိုအသံထွက်ပြီး စာဖတ်ခိုင်းတော့ 'တန်း' 'တန်း' ဆိုတဲ့အသံတွေ ထွက်လာလို့ သတိထားနားထောင်တော့မှ ten ကို 'တန်း' လို့ အသံထွက်နေမှန်း သိရတယ်ဦးရယ်"

"အေး...တို့လဲ မကြာခဏကြားပါတယ်။ ten ကို 'တဲန်' လို့ အသံမထွက်ဘဲ 'တန်း' လို့ပဲအသံထွက်တာ အကျင့်ပါလာတော့ တော်တော်နဲ့ပြင်ဆိုဖို့မလွယ်ဘူးပေါ့ကွယ်"

"ဟုတ်ပါတယ် ဦး။ တစ်နေ့ကျွန်တော်က ကွန်ပျူတာစာစမ်းရိုက်နေတုန်း ဘေးကကြည့်နေတဲ့တပည့်တစ်ယောက်က 'ဆရာ အန်ဒါခေါက်လိုက်ပါ၊ အန်ဒါခေါက်လိုက်ပါလို့ ပြောနေတာ အဓိပ္ပာယ်နားမလည်ဘဲ ဖြစ်နေတယ် ဦးရဲ့"

"အေး၊ ဒီတော့"

"သူက ခလုတ်ကိုလက်ညှိုးထိုးပြတော့မှ သူဆိုလိုတာ enter ကို ခေါက်လိုက်ပါလို့ ဆိုလိုတာကိုး ဆရာရဲ့"

"အေး၊ enter အင်းတားကို မင်းတပည့်က အန်ဒါလို့အသံထွက်နေတော့ မင်းဘယ်နားလည်မှာလဲ၊ ဟဲ ဟဲ"

"ကျွန်တော်ထင်ပါတယ်။ သူတို့အင်္ဂလိပ်စာ စသင်ကတည်းက အသံထွက်ကို ဂရုတစိုက် မသင်ခဲ့ရတာဖြစ်ဖို့များပါတယ်။ အသံထွက်ပြီးဖတ်တဲ့ အလေ့အကျင့်လဲ နည်းခဲ့ပုံရတယ် ဦး"

"ဟုတ်မှာပေါ့ကွာ။ ဩော်-သတိရလို့ တို့ကြားတာပြောရအုံးမယ်"

"တီဗွီအစီအစဉ်တစ်ခုမှာ ရုပ်ရှင်ဇာတ်လမ်းအမှတ်စဉ်တွေကို အင်္ဂလိပ်လိုပြောရာမှာ အဲဒီအသံထွက်ကိုမှတ်မှတ်သားသား သတိထားလိုက်မိတယ်။ ဟိုတစ်နေ့က ဉာဏ်စမ်းပြိုင်ပွဲတစ်ခုမှာ ကျောင်းသူ၊ ကျောင်းသားကလေးတွေ သုံးလေးယောက် အဲဒီအမှတ်စဉ်ကိုပြောတာ အဲဒီအသံထွက်မျိုးပဲ ထပ်ကြားရပြန်ရော"

"ဘာပါလဲ ဦးရယ်"

"ဖိုတီးတဲ့ကွ၊ ဖိုတီးတဲ့"

"ဩော်"

"ကြည့်ရတာ သူတို့က နံပါတ် ၄ ပေါ့၊ အဲဒီ four ကို ဖိုးလို့ အသံထွက်ရလို့ ၄၀ ကိုလဲ ဖိုတီးလို့အသံထွက်ရတယ်ထင်ပြီး 'ဖိုတီး ဖိုတီး' နဲ့ ခက်ခက်ခဲခဲ အသံထွက်နေတာကွာ။ ၄၀ က forty မို့ ဖော်တီးလို့ အသံထွက်ရတယ်ဆိုတာ သတိမထားမိဘူး ထင်ပါရဲ့"

"၁၄ ကို ဖိုတီးန် လို့အသံထွက်တာမို့ ၄၀ ကိုလဲ ဖိုတီးလို့ အသံထွက်ရမယ်လို့ ပုံသေမှတ်လိုက်သလားမသိဘူးနော်"

"ဖြစ်နိုင်တာပေါ့ကွာ။ နောက် မင်းတော့ကြုံဖူးသလားမသိဘူး။ စာရေးတဲ့အခါ 'r' ဆိုတဲ့ စာလုံးလဲမပါဘဲနဲ့ အသံထွက်ရင် 'r' သံထည့်ပြီး ထွက်ကြတာလေ"

"ဩော်-ကြားဖူးတယ် ဦး၊ အခြေအနေ situation ဆိုတဲ့စကားကို ဆစ်ကျူယေးရှင်းလို့အသံထွက်ရမှာကို ဆစ်ကျူရေးရှင်းလို့ ရကောက်လျှာလိပ်သံနဲ့ တချို့ထွက်တာကြားဖူးပါတယ်"

"တစ်ခါက အဖွဲ့အစည်းတစ်ခုရဲ့ဘွဲ့နှင်းသဘင်ပွဲကို သွားတက်တာ။ အင်္ဂလိပ်လိုကျေးဇူးတင်စကားပြောမဲ့မိန်းကလေးက ပွဲမစခင်လေ့ကျင့်နေတော့ graduation ကို မင်းပြောသလို 'ဂရက်ဂျူရေးရှင်း' လို့ လျှာလိပ်သံကြီး ထည့်ထည့်ဆိုနေတာ။ ဘယ်သူကမှလဲ ပြင်မပေးကြဘူး။ တကယ့်အခမ်းအနားကျတော့လဲ အဲဒီလိုပဲ ဂရက်ဂျူရေးရှင်းလို့ပဲ လျှာလိပ်သံကြီး တိုင်းဖြစ်ရော၊ စိတ်ညစ်စရာကောင်းလိုက်တာကွယ်"

"ဟုတ်ကဲ့၊ တည်ရှိသည် situated ကိုလဲ အဲဒီလိုပဲ ဆစ်ကျူရိတ်တက်လို့ လျှာလိပ်သံထည့်ပြောတာ ကြားခဲ့ရဖူးပါတယ် ဦး။ တစ်ခါတော့ ကျောင်းသားတွေ သူတို့အချင်းချင်းပြောနေတာကြားရတယ်။ ကျွန်းကို island အိုက်လန်းလို့ အသံထွက်တာ မသိတော့ အစ်စ်လင်းလို့အသံထွက်ပြီး ပြောနေတာလေ"

"is နဲ့ land ကိုခွဲပြီး အသံထွက်တာနေမှာပေါ့။ တို့ငယ်ငယ်က ဆယ်တန်းမှာပြဋ္ဌာန်းတဲ့ treasure island ဝတ္ထုကို အပြောင်အပြက်လုပ်ပြီး 'ထရီးရှူးဝါးအစ်စလင်း' လို့ အသံထွက်တာလေ"

"နောက်တစ်ခုရှိသေးတယ်။ တက္ကသိုလ်ဘုန်းနိုင်ရဲ့ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုထဲမှာ အဲဒီတုန်းက ရန်ကုန်မြို့ထဲက ဂလုပ်ရုပ်ရှင်ရုံမှာ ရုံတင်တဲ့ရုပ်ရှင်ကားကြော်ငြာမှာ 'Three Come Home, Now Showing at Globe' လို့ ရေးထားတာကို လူပြောင်လူနောက်တွေက 'သရီးကိုးမီးဟိုးမီး၊ နောင်းရှိုးအင်းအက်တ်ဂလိုဘီ'လို့ အော်ဖတ်ပြီး နောက်ပြောင်တဲ့ အကြောင်းပေါ့"

"အခုတော့ နောက်ပြောင်တာမဟုတ်ဘဲ အတည်ဖြစ်နေပါရောလား ဦးရယ်။ ရုပ်သံဇာတ်လမ်းတစ်ခုမှာ ဆရာဝန်ကြီးအဖြစ် သရုပ်ဆောင်တဲ့သူကပြောတယ် 'ဒါ-ဟက်တ်အတက်(ချ်) ခေါ်တဲ့ နှလုံးရောဂါပဲ'တဲ့။ heart attack ကို heart attach ထင်ပြီး မှားပြောနေတာလေ။ ရယ်စရာဖြစ်သွားတာပေါ့"

"ရှိသေးတယ်ကွ၊ တို့တစ်ခါရေးဖူးသေးတယ်။ အင်္ဂလိပ်စာပို့ချတဲ့ ဆရာက egg အက်ချ်၊ egg အက်ချ်ဆိုပြီး ထပ်ထပ် ဆိုပြပေးနေတာ။ ခုခေတ်ပြောင်းသွားတဲ့ အသံထွက်အသစ်လို့တောင် ထင်စရာပဲ။ သူက အင်္ဂလိပ်စာ ဆရာဆိုတာ ကိုး"

"ဟုတ်ပ့ါ၊ ဦးရယ်။ ဘွဲ့တွေကို အသံထွက်ရင် ဗိသုကာဘွဲ့ကို B.Arch လို့ခေါ်တာ။ Architecture ရဲ့ အတိုကောက်မို့ ဘီအာ့ခ်လို့ ထွက်ရမှာပေါ့။ အဲဒီလိုပဲ B.Tech ဆိုတဲ့ နည်းပညာဘွဲ့ကိုလဲ ဘီတက်ခ်လို့ထွက်ရမှာပေါ့။ Technology ရဲ့ အတိုကောက်လေ"

"ဟုတ်တာပေါ့"

"ခုတော့ အသံလွှင့်တဲ့သူတွေက ဘီတက်ချ်တို့၊ ဘီအာ့ချ်တို့ ထွက်နေတာလေ"

"နောက်ရှိသေးတယ် video ကို ဗီဒီယိုလို့ အသံထွက်ရင် တော်ပြီလေ။ 'v'ဆိုတာ အပေါ်သွားနဲ့ အောက်နှုတ်ခမ်းကို ဖိပြီးဆိုရတဲ့ အသံမဟုတ်လား။ တချို့က 'ဗွီဒီယို၊ ဗွီဒီယို' နဲ့ ခက်ခက်ခဲခဲ ဝဆွဲသံကြီးနဲ့ အသံထွက်နေတာ ပင်ပန်းလိုက်တာကွယ်"

"ဩော် ဦး၊ ဟိုတစ်ခါ ရုပ်သံကြော်ငြာတစ်ခု တွေ့လိုက်သေးတယ်။ ကြော်ငြာတဲ့သူက 'ရှက်ခ်' လို့ အကျယ်ကြီးအော်လိုက်လို့ ဘာပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ ရေးထားတာ shark တဲ့။ ငါးမန်းပုံကြီးနဲ့လေ၊ ဒီတော့ 'ရှာ့ခ်'လို့ အသံထွက်မှ မှန်မှာပေါ့နော်"

"အေး...ပေါ့။ တို့လဲ သတိထားလိုက်မိပါတယ်။ တို့တစ်နေရာမှာ ရေးတောင်ရေးဖူးတယ်ထင်တယ်"

"ဟုတ်ကဲ့ ဦး"

"တော်တော်တော့ကြာသွားပါပြီ။ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ အင်္ဂလိပ်စာကို အလွန်အမင်းလျှော့လျှော့ပေါ့ပေါ့ လုပ်ထားတဲ့အချိန်ကပေါ့။ အဲဒီတုန်းကဆိုရင် ကျောင်းသားတွေ တော်တော်များများဟာ အင်္ဂလိပ်စာကို အသံထွက်ပြီးတော့တောင် ဖတ်လေ့မရှိကြဘူး။ ဂုဏ်ထူးတန်းဝင်ဖို့ ကြိုးစားနေတယ်ဆိုတာကို ဘယ်လိုပြောတယ်မှတ်သလဲ"

" 'ကျွန်တော် ဟောနားခ်ဝင်ဖို့ ကြိုးစားနေပါတယ် ဆရာ'တဲ့"

"ဩော်"

"အစတော့ ဘာပြောမှန်းမသိဘူး။ နောက်မှ သဘောပေါက်သွားလို့ honours ကို ဟောနားစ်လို့ အသံမထွက်ရဘူး။ အောနားစ်လို့ ရှေ့က 'h'သံကို ဖျောက်ပြီး ထွက်ရတယ်လို့ ပြောရတယ်"

"ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက psychology ကို 'ပီစီချိုလိုဂျီ'လို့ နောက်ပြောင်ပြီး အသံထွက်တာမျိုး ဖြစ်နေတာပေါ့နော်"

"အေး...ပေါ့။ အင်္ဂလိပ်စာကို သေသေချာချာမသင်ခဲ့ရတော့ ဆင်တူယိုးမှားတွေကို မှားပြီး ပြောတာတွေလဲ အများကြီးပဲ။ တို့လဲ အကြိမ်ကြိမ်ရေးဖူးပါတယ်။ ကျောင်းသားတစ်ယောက်က ကျွန်တော့် ordinary card ပျောက်သွားလို့ ဆိုပြီး လာပြောတော့ သဘောမပေါက်ဘူး။ ordinary card ဆိုတာ ဘာပါလိမ့်ပေါ့။ နောက်မှ identity card ကို ဆိုလိုတာမှန်း စဉ်းစားမိတယ်"

"ဩော်၊ ဟုတ်ကဲ့"

"အများကြီးပါပဲ၊ sterio စတီရီယိုကို studio စတူဒီယိုလို့ မှားပြောတာ၊ Serial ဆီရီယယ်ကို Senior စီနီယာလို့ မှားပြောတာ၊ bias ဘိုးယပ်စ်ကို virus ဗိုင်းရပ်စ်လို့ မှားပြောတာ၊ deferred leave ဒီဖားလီဗ်ကို refer leave ရဖားလိဗ်လို့ မှားပြောတာ၊ နားစွန်နားဖျားမှတ်ထားပြီး တလွဲတွေပြောတာ ပေါ့ကွယ်"

"ဟုတ်ပါတယ် ဦး။ ကျွန်တော်တို့ အင်္ဂလိပ်စာနဲ့အလုပ်လုပ်တဲ့သူတွေ အမြဲကြုံရတဲ့ ကိစ္စတွေပါ"

"မြန်မာစာနဲ့လဲ ဆိုင်တာပေါ့ကွယ်။ အင်္ဂလိပ်လို မှားပြောတော့ မြန်မာလို အသံလှယ်ရင်လဲ မှားမှာပေါ့။ တကယ်တော့ dictionary တွေကို သေသေချာချာ ကြည့်ပြီး စကားလုံးနောက်မှာ ပြထားတဲ့ အသံထွက်ပုံတွေကိုပါ မှတ်ဖို့လိုတာပေါ့။ ဒါမှ မှန်မှန်ကန်ကန်အသံထွက်နိုင်မှာလေ"

"ဟုတ်ပါတယ် ဦး"

"အခု မင်းနဲ့တို့နဲ့ပြောကြတာ အသံထွက်ကိစ္စပဲရှိသေးတယ်နော်။ သဒ္ဒါ အသုံးအနှုန်းတွေ ဝါကျတွေမှာလဲ အဲဒီလိုကိစ္စတွေ အများကြီးရှိတာပေါ့"

"ဟုတ်ကဲ့"

"သတိရလို့၊ တို့ငယ်ငယ်က တရုတ်ကြီးတစ်ယောက်ပြောတဲ့စကားကို ပြောရအုံးမယ်။ လူငယ်တွေ အင်္ဂလိပ်စာသင်တာနဲ့ ပတ်သက်ပြီး ပြောတာ။ လူငယ်တွေဟာ'ဇဗလင်'လဲ မမှန်ဘူး 'ပိုလိုလောင်ဖေးရှင်း' လဲ မမှန်ဘူးတဲ့။ စာလုံးပေါင်းရော၊ အသံထွက်ရော မမှန်ဘူးလို့ ပြောတာလေ"

"ဩော်...သဘောပေါက်ပါပြီ ဦးရယ်"

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ဟယ်ရီစတိုင်နှင့် အမ်မာကောရင်တို့ ရုပ်ရှင်သစ်တွင် အတူတွဲသရုပ်ဆောင်သွားမည်

Netfilx က ထုတ်လွှင့်တဲ့ The Crown ရုပ်သံစီးရီးမှာ မင်းသမီးဒိုင်ယာနာအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အမ်မာကော်ရင်နဲ့ One Direction အဖွဲ့သားဟောင်း ဟယ်ရီစတိုင်တို့ My Policeman ဆိုတဲ့ရုပ်ရှင်မှာ အတူပါဝင်သရုပ်ဆောင်သွားမယ်လို့ သိရပါတယ်။ နာမည်ကျော်ဝတ္ထုကို အခြေခံပြီး ၁၉၉၀ ပြည့်နှစ်ကို နောက်ခံထား ရိုက်ကူးသွားမှာပဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ထုတ်လုပ်သူဖြစ်တဲ့ ဆာရာရှက်တာကတော့ ရုပ်ရှင်သစ်ပရောဂျက်ကို စိတ်လှုပ်ရှားမိတယ်လို့ တွစ်တာမှာ ပြောပါတယ်။ ဟယ်ရီစတိုင်ကတော့ မကြာသေးခင်ကပဲ သူ့ချစ်သူနဲ့အတူ ရိုက်ကူးမယ့် Don't Worry Darling ဆိုတဲ့ ရုပ်ရှင်ကားမှာလည်း ပါဝင်သရုပ်ဆောင်ဖို့ ရှိပါတယ်။

My Policeman ရုပ်ရှင်ကားမှာ ဟယ်ရီစတိုင် တွဲဖက်ပါဝင်ဖို့အတွက် ၂၀၂၀ စက်တင်ဘာလအတွင်းကတည်းက ပထမဆုံးအသိပေးခဲ့တာပဲ ဖြစ်ပါတယ်။ ကော်ရင်ဟာ The Crown အတွဲ ၄ မှာ မင်းသမီးဒိုင်ယာနာအဖြစ် အပီပြင်ဆုံး သရုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ကျော်ကြားလျက်ရှိပါတယ်။ The Crown ဇာတ်လမ်းတွဲမှာ ပါဝင်ရင်း ကော်ရင်ဟာ ရွှေကမ္ဘာလုံးဆုအပါအဝင် အခြားသောဆုတွေအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ပါတယ်။

**စကိုင်းနယူးစ်**



အဆိုတော် ဟယ်ရီစတိုင်နှင့် သရုပ်ဆောင် အမ်မာကောရင်။

### တေလာဆွစ်၏ အယ်လ်ဘမ်သစ်နာမည်နှင့် ပတ်သက်ပြီး တရားစွဲခံရ

အဆိုတော်တေလာဆွစ်ရဲ့ အယ်လ်ဘမ်သစ်ဟာ သူတို့အပန်းဖြေဥယျာဉ်ရဲ့ အမည်ကို ယူပြီးသုံးထားတာဆိုပြီး ယူတားပြည်နယ်မှာရှိတဲ့ အပန်းဖြေဥယျာဉ်ပိုင်ရှင်တွေက တရားစွဲဆိုခဲ့ပါတယ်။ အပန်းဖြေဥယျာဉ်ရဲ့ နာမည်ကတော့ Evermore ဖြစ်ပြီး တေလာဆွစ်ဟာ မူပိုင်ခွင့် ချိုးဖောက်တယ်ဆိုပြီး ဒေါ်လာသန်းနှင့်ချီ လျော်ကြေးရဖို့ တောင်းဆိုထားပါတယ်။

တေလာဆွစ်ရဲ့ နောက်ဆုံးထွက်တဲ့ အယ်လ်ဘမ်နာမည်ကလည်း Evermore ပါပဲ။ အခုလို နာမည်တူပေးခဲ့တဲ့အတွက် တေလာဆွစ်ရဲ့ အယ်လ်ဘမ်နဲ့ ဒီအပန်းဖြေဥယျာဉ်ဆက်စပ်မှု ရှိတယ်ဆိုပြီး လူတွေကို ရှုပ်ထွေးမှုတွေဖြစ်ပေါ်စေတယ်လို့ အပန်းဖြေဥယျာဉ်ပိုင်ရှင်တွေက ပြောပါတယ်။ ပန်းခြံပိုင်ရှင်တွေဟာ ၂၀၁၈ ခုနှစ် ပန်းခြံစတင် ဖွင့်လှစ်ချိန်ကစလို့ လူတွေကို ဆွဲဆောင်နိုင်ဖို့အတွက် ဒေါ်လာသန်းနဲ့ချီပြီး သုံးစွဲခဲ့ပါတယ်။ ယူတားမှာရှိတဲ့ ခရိုင်တရားရုံးမှာ အမှုအတွက် တိုင်ကြားလွှာ တင်ထားတယ်လို့ သိရပါတယ်။ တေလာဆွစ်ရဲ့ ရှေ့နေကတော့ ဒီပြဿနာဟာ ကျိုးကြောင်းဆီလျော်မှုမရှိဘူးလို့ တုံ့ပြန်ပြောကြားခဲ့ပါတယ်။

**စကိုင်းနယူးစ်**



အဆိုတော် တေလာဆွစ်။

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတား တစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်းပြီးစီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

စီးပွားရေးမြို့တော် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမကြီးနှင့် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင် လမ်းမကြီးတို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် တံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်ရာတွင် လက်ရှိအချိန်၌ ရန်ကုန်မြစ်အတွင်း ပင်မတံတား ရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ဒလဘက်ခြမ်းရှိ PY1 အတွက် ဘိုးပိုင် ၂၃ လုံးအနက် ဘိုးပိုင်အလုံး ၂၀၊ ရန်ကုန်ဘက်ခြမ်းရှိ PY2 အတွက် ဘိုးပိုင် ၂၃ လုံးအနက် ဘိုးပိုင်အလုံး ၂၀၊ ပင်မတံတား ရေလယ်တိုင် ဘိုးပိုင်တူးဖော်ခြင်း စုစုပေါင်း ဘိုးပိုင် အလုံး ၄၀ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။



ဒလဘက်ခြမ်း၌ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု တွေ့ရစဉ်။

တံတားတည်ဆောက်ရာတွင် ဒလဘက်ခြမ်း ချဉ်းကပ်တံတားအတွက် ဘိုးပိုင်ပေါင်း ၁၄၁ လုံး အနက် ဘိုးပိုင် ၁၂၅ လုံး ပြီးစီးပြီဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၉ ရာခိုင်နှုန်း၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအတွက် ဘိုးပိုင်ပေါင်း ၈၂ လုံးအနက် ဘိုးပိုင် ၇၁ လုံးပြီးစီးကာ ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ တံတားတစ်စင်းလုံး၏ ဘိုးပိုင် စုစုပေါင်း ၃၆၉ လုံး ရှိသည့်အနက် ဘိုးပိုင် စုစုပေါင်း ၂၅၅ လုံး ဆောင်ရွက်ပြီးစီးကြောင်း ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

ထို့အတူ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတား Ram A ဘိုးပိုင် ၄၈ လုံးအနက် ဘိုးပိုင်လေးလုံး၊ Ram B ဘိုးပိုင် ၅၂ လုံးအနက် ဘိုးပိုင် ၁၅ လုံး တူးဖော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံတားတည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး၏ ၂၅ ရာခိုင်နှုန်း ပြီးစီးနေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရန်ကုန်မြစ်အတွင်း ရေလယ်ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တံတားစီမံကိန်း ဧရိယာလုပ်ငန်းခွင်နှင့် ရေလမ်းကြောင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် တံတားတည်ဆောက်ရေး စီမံကိန်းမှ ရေယာဉ်ငယ်နှစ်စင်းဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိရာ ဖြတ်သန်းသွားလာကြမည့် သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ၊ မြစ်တွင်းသွား ရေယာဉ်များအနေဖြင့် အချက်ပြဖော်ယာများကို မြစ်အတွင်းရှိ ဒလဘက်ခြမ်းနှင့် ရန်ကုန်ဘက်ခြမ်းတို့တွင် အမှတ်အသားများထားရှိပြီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)မြစ်ကူးတံတားမှာ စုစုပေါင်း အရှည် ၆၁၂၈ ပေ၊ ပင်မတံတား အရှည် ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၈၉၁ ပေ၊ ချဉ်းကပ်တံတားအကျယ်(နှစ်လမ်းသွား) ၄၇ ပေ၊ ဒလဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၉၇၂ ပေ၊ ချဉ်းကပ်တံတား အကျယ်(လေးလမ်းသွား) ၆၈ ပေ၊ ပင်မတံတား အကျယ်(လေးလမ်းသွား) ၈၇ ပေ၊ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတားများအကျယ် (တစ်လမ်းသွား) ၂၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၁၆၀ ၊ ရေလမ်းကင်းလွတ်အကျယ် ၉၈၈ ပေ၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတားအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံ၌ သံမဏိကြိုးဆိုင်းတံတားများတွင် အကြီးဆုံးနှင့် အရှည်ဆုံး တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ရေး စီမံကိန်းကို ၂၀၁၉ ခုနှစ် မေလတွင် တည်ဆောက်ရေး လုပ်ငန်းများကို စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီး ဌာန တံတားဦးစီးဌာနမှ သိရသည်။

ဒလမြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ဒေသခံပြည်သူများ၊ နယ်မြေတစ်ဆက်တည်းရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများပါ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ ကုန်စည်စီးဆင်းမှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်သည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ဆောင်းနေကြာများ အောင်မြင်ဖြစ်ထွန်းစေရန် မှိုကာကွယ်ဆေးဖျန်း

**ကျောက်ထု ဖေဖော်ဝါရီ ၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ဆောင်းရာသီသီးနှံအဖြစ် ဆီထွက်သီးနှံနေကြာကို လယ်ယာမြေများ၌ စပါးပြီးသီးထပ်အဖြစ် စိုက်ပျိုးကြရာ စိုက်ခင်းတွင် မှိုကျရောက်မှုမဖြစ်စေရန် မှိုရောဂါကာကွယ်ဆေးများကို စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပက်ဖျန်းလျက်ရှိသည်။



"စပါး ရိတ်သိမ်းပြီး လယ်မြေမှာ သီးထပ်အဖြစ် နေကြာကို စိုက်ပျိုးတာပါ၊ အပင်များ မှိုရောဂါကျရောက်မှု မရှိစေဖို့ မှိုကာကွယ်ဆေးများကို ပက်ဖျန်းတာ ဖြစ်ပါတယ်" ဟု တောခလွန် ကျေးရွာမှ ဦးရဲမောင်က ပြောသည်။

နေကြာများ စိုက်ပျိုးရာတွင် ကျောက်ထုဒေသ၌ ဆောင်းရာသီတွင် စိုက်ပျိုးမှု ဧက ၃၀၀ ခန့်ရှိကြောင်းနှင့် သီးနှံ အရည်အသွေးပြည့်ဝရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောဟေမာန် (ပြန်ဆက်)**

# မြဝတီမြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်

**မြဝတီ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ် မြဝတီမြို့ရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟနိုင်က ထောက်ပံ့ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အောက်ပုံ)**

ထိုသို့ ပေးအပ်ရာတွင် ၂၀၂၁ ခုနှစ် ပထမသုံးလပတ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) အတွက် ကိုယ်ဝန်ဆောင်မိခင် ၂၀၅၀ နှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၇၈၉၁ ဦး စုစုပေါင်း ၉၉၄၁ ဦးတို့အတွက် ငွေကျပ် ၄၂၇၉၀၅၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ဒီးမော့ဆိုမြို့နယ်၌ စက်ချုပ်သင်တန်းဖွင့်

**ဒီးမော့ဆို ဖေဖော်ဝါရီ ၅**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန် အတွက် အခြေခံ/အဆင့်မြင့် စက်ချုပ်သင်တန်း (၄/၂၀၂၁) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဒေါ်တော်ကူးကျေးရွာအုပ်စု ဒေါ်ဘူးခိုကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင်က ကျေးလက်ဒေသရှိ လူငယ်လူရွယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဒီးမော့ဆိုမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သင်တန်း ခုနစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ရန် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးစောဒီးဒီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ တက်ရောက်သည့် သင်တန်းသူ ၃၀ အား ရင်ဖုံး၊ ရှပ်၊ ဘလောက်စ်၊ ဝမ်းဆက်နှင့် ကုတ်အင်္ကျီချုပ်နည်း၊ ကလစ်ပြုလုပ်နည်း၊ မာဖလာနှင့် စောင်တဘက် ထိုးနည်းများကို သင်တန်းနည်းပြနှစ်ဦးက ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၂၁ ရက်အထိ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# မြန်အောင်မြို့၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်ကာကွယ်ဆေး စတင်ထိုးနှံပေး

**မြန်အောင် ဖေဖော်ဝါရီ ၅**

မြန်အောင်မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများကို မြန်အောင်ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်တွင် ယနေ့နံနက်ပိုင်းက ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေးကြောင်း သိရသည်။

မြန်အောင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်း ဦးဆောင်၍ ကိုဗစ်ကာကွယ်ဆေးကို နှစ်ရက် ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ပထမရက်တွင် ဆေးရုံဝန်ထမ်း ၁၀၀ ကျော်ကို စတင်ထိုးနှံပေးပြီး ကာကွယ်ဆေးမထိုးမီ အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းများ ဆောင်ရွက်၍ ဆေးထိုးခြင်းဖြစ်ပြီး ဆေးထိုးပြီးလျှင် နာရီဝက်စောင့်ကြည့်ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်း ၂၆၃ ဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းနှစ်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းခြောက်ဦးတို့ကို ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)**
**OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၂၀-၁-၂၀၂၂ ရက်နေ့)**

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁ | ဦးခင်မောင်လတ် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်ခင်ခင်သီ (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၃ | ဦးဖြိုးအောင်ကို (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄ | ဦးတင်ထွေးမောင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၅ | ဦးအောင်သူ (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၆ | ဒေါ်ဟန်ကြည် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၇ | ဦးတင်ဦး (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၈ | ဦးနိုင်ဦးလွင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၉ | ဒေါ်တင်တင်အေး (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၀ | ဦးသန်းထွဋ် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၁ | ဒေါ်ဝင်းစိန် (ကျောက်ပန်းတောင်းမြို့) | ၁၁၀,၀၀၀ |
| ၁၂ | ဦးတင်လေးမောင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၃ | ဦးတင်ထွဋ် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၄ | ဦးသန်းချစ်(ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၅ | ဦးခင်မောင်ညွှန့် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၆ | ဒေါ်ခင်ဝင်းရွှေ (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၇ | ဦးငွေမင်းအောင် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၈ | ဦးဉာဏ်လှ (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၁၉ | ဦးစန်းဝင်း (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၀ | ဒေါ်တင်လုံး (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၁ | ဦးသိန်းငွေဝင်း (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၂ | ဦးဘရှင် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၃ | ဒေါ်အုန်းကြည် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၄ | ဦးမောင်မောင်ကြည် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၅ | ဒေါ်အောင်ကြည် (ကျောက်ပန်းတောင်းမြို့) | ၅၀,၀၀၀ |
| ၂၆ | ဦးမြရွှေ (ကျောက်ပန်းတောင်းမြို့) | ၂၀,၀၀၀ |
| ၂၇ | ဦးအောင်မာသန်း (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၂၈ | ဦးသာဇ (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၂၉ | ဒေါ်ရီမြင့်ငွေး (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၀ | ဦးတင်ဟန် (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၁ | ဦးခင်မောင်လွင် (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၂ | ဦးသောင်းစိန် (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၃ | ဦးကျော်ငွေ (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၄ | ဦးတင်ငွေး (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၃၅ | ဦးသန်းရွှေ (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၃၆ | ဦးမောင်နု (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၃၇ | ဦးဝင်းဇော်ဦး(ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၃၈ | ဦးသန်းဒိုး (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၃၉ | ဒေါက်တာဦးဝင်းဆွေ (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၄၀ | ဦးမြင့်ခိုင် (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၄၁ | ဦးမြင့်လှိုင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၂ | ဦးရဲအောင်မိုး (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၃ | ဦးသိန်းဇော် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၄ | ဦးတိုး (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၅ | ဒေါ်တင်လှိုင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၆ | ဒေါ်တင်လေး (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၇ | ဦးအောင်မင်း (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၈ | ဒေါက်တာအောင်မြင့်သိန်း (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၄၉ | ဦးအောင်မြင့် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၅၀ | ဦးတင်မောင်မြင့် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၅၁ | ဦးအောင်သောင်း (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၅၂ | ဦးသန်းလွင်(ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၅၃ | ဦးစိုးခန့် (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၅၄ | ဦးငွေဝင်းအောင် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၅၅ | ဦးမောင်မောင်တာ (ကျောက်ပန်းတောင်းမြို့) | ၃၀,၀၀၀ |
| ၅၆ | ဦးကောင်းမြတ် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၅၇ | ဒေါ်နိုင်နိုင်အောင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၅၈ | ဦးတင်အောင် (ကျောက်ပန်းတောင်းမြို့) | ၁,၅၀၀,၀၀၀ |
| ၅၉ | ဦးအောင်ဝင်း (ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၆၀ | ဒေါ်ခင်ခင်လေး (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၆၁ | ဦးကျော်စိုးနိုင် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၆၂ | ဦးချမ်းမင်းမောင် (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၆၃ | ဦးကျော်လွင်ဦး (ကျောက်ပန်းတောင်းမြို့) | ၁,၅၀၀ |
| ၆၄ | ဦးသန်းဇော် (ကျောက်ပန်းတောင်းမြို့) | ၅,၀၀၀ |
| ၆၅ | ဦးပြည့်စုံအောင် (ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀ |
| ၆၆ | ဒေါ်မဲတူ (ကျောက်ပန်းတောင်းမြို့) | ၅,၀၀၀ |
| ၆၇ | ဦးကျော်မင်း (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၆၈ | ဦးဇော်မြင့် (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၆၉ | ဦးထွန်းထွန်းဝင်း (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၇၀ | ဦးကျော်စိုး (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၇၁ | ဦးညီမောင် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၇၂ | ဦးအောင်မြင့် (ကျောက်ပန်းတောင်းမြို့) | ၁၀,၀၀၀ |
| ၇၃ | ဒေါက်တာဦးဆန်းထွဋ် (ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၇၄ | ဦးမျိုးသန်းဦး (လှိုင်သာယာမြို့နယ်) | ၅၀,၀၀၀ |
| ၇၅ | အရှင်ခေမာနန္ဒ (မိုးသု-မန္တလေး) ဒါယကာ၊ ဒါယိကာမများ (ပြင်ဦးလွင်မြို့) | ၄,၀၅၀,၀၀၀ |
| ၇၆ | ဒေါ်ချိုချိုမြင့် (လှိုင်သာယာမြို့နယ်) | ၅၀,၀၀၀ |
| ၇၇ | ဒေါက်တာဟန်စိန်+ဒေါ်နန်းနွယ်ခမ်း (အင်းစိန်မြို့နယ်) | ၂၀၀,၀၀၀ |
| ၇၈ | ဒေါ်ရီရီခင် (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၇၉ | ဒေါ်ကြည်လှ (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၈၀ | ဒေါ်မာမာလွင် (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၈၁ | ဒေါ်တင်တင်မြင့် (ချောက်မြို့) | ၂၀၀,၀၀၀ |
| ၈၂ | ဒေါ်ခင်ခင်ကြည်နှင့်ဆရာများ (အင်းစိန်မြို့နယ်) | ၆၀,၀၀၀ |
| ၈၃ | ဒေါ်သိန်းသိန်းရီ (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၈၄ | ဒေါ်ခင်စန္ဒီ (စစ်တွေမြို့) | ၁၁၀,၀၀၀ |
| ၈၅ | ဦးလှသိန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၈၆ | ဦးနေဇာလင်း(ဖီးနစ်ဒစ်ဂျစ်တယ်ကတ္တားရောင်းဝယ်ရေး)မိသားစု (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၈၇ | ဦးတင်မြင့်+ဒေါ်ခင်ထွေး(မိုးထိဂုဏ်ရောင်ကျောက်မျက်ကုမ္ပဏီ)ဒေါ်မြမြအုန်း(ဂျိမ်းဖောသူ)၊ ဦးဇော်မင်းထွန်း+ဒေါ်သန္တာခင်(စိမ်းဝေလျှံထွန်းကျောက်စိမ်းရောင်းဝယ်ရေး)(မန္တလေးမြို့) | ၁၀,၀၀၀,၀၀၀ |
| ၈၈ | မန္တလေးအခြေစိုက်တိုင်းရင်းသားလူမျိုးစုများ အဖွဲ့(၁၈)ဖွဲ့ (မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၈၉ | ကောင်းဆန်းကထိန်တော်အဖွဲ့(မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၉၀ | ဦးအောင်ကျော်မိုး+ဒေါ်နှင်းဖြူ သမီး-ရွှန်းလဲ့မိုးဖြူ သား-ထူးရဲတင့်အောင် မိသားစု(မန္တလေးမြို့) | ၅,၀၀၀,၀၀၀ |
| ၉၁ | ဒေါက်တာကျော်ဝင်း+ဒေါ်မိမိ (ဟန်းနီးမိသားစု)(မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉၂ | ဒေါက်တာရာဇာကျော်ဝင်း+ဒေါက်တာဖြိုးကေကေအောင် သမီး-အမရာအောင်ဝင်း (Australia) မိသားစု(မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉၃ | ပါမောက္ခဒေါက်တာမောင်မောင်လွင်+ ဒေါ်ဖြူဖြူထွန်း မိသားစု (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၉၄ | ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတ (ရမည်းသင်းကျောင်း) (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉၅ | ဦးမြတ်စံ မိသားစု ခေတ္တ (USA) (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၉၆ | မောင်မြတ်သူစိုး (ခ)စာရေးဆရာဟန်ဇော်/ဟန်ဆန်း+မသန်းသန်းနိုင်(ခ) စာရေးဆရာမ သီတာစိုးခန့် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၉၇ | ဦးသန့်ဇင်+ဒေါ်ခင်မေဝင်း မိသားစု (ရန်ကုန်မြို့) | ၆၀၀,၀၀၀ |
| ၉၈ | မြန်မာ့အာမခံဝန်ထမ်းဟောင်းများ စုပေါင်းအလှူ(ရန်ကုန်မြို့) | ၁,၀၅၀,၀၀၀ |
| ၉၉ | ဦးအောင်မြင့်+ဒေါ်ညီမ်း သား-မောင်မြတ်ကိုကို၊ မောင်ရဲလင်းအောင် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၀၀ | ဦးထွန်းမြင့်+ဒေါ်သန်းအေး မိသားစု (ဦးထွန်းမြင့် ကုန်မာပစ္စည်းရောင်းဝယ်ရေး) (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၀၁ | ဦးချစ်သန်း+ဒေါ်ဝင်းရီ သား-ကိုကျော်ဇင်ချစ်+မကြည်ပြာစုမွန် မြေး-မသွန်းချစ်သဒ္ဒါ မိသားစု (ဦးချစ်မိသားစု သော့အမျိုးမျိုး ကုန်မာဖြန့်ချိရေး) (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၁၀၂ | ဒေါ်လှမြတ်ထွန်း (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၁၀၃ | ဦးသိန်းထွန်းအောင်+ဒေါ်မေရီမြင့် (ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၁၀၄ | ဦးကျော်ဝေ+ဒေါ်ခင်မေဝင်း (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၁၀၅ | ဦးမြင့်ဆွေ+ဒေါ်ခင်စန်း (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၁၀၆ | ဦးခင်မောင်လွင် (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၁၀၇ | ဦးအောင်သိုက်စိုး (ကျောက်ပန်းတောင်းမြို့) | ၅၄၀,၀၀၀ |
| ၁၀၈ | ဒေါ်ခင်ညွှန့်၊ ဒေါ်စန်းစန်း (ကျောက်ပန်းတောင်းမြို့) | ၁၅၀,၀၀၀ |
| ၁၀၉ | SPA GYI - JAPAN CYCLE SALE & BUY (ပဲခူးမြို့) | ၅၀၀,၀၀၀ |
| ၁၁၀ | ဦးမျိုးချစ်အောင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၁ | ဦးအောင်တင်မိုး (လားရှိုးမြို့) | ၂၀၀,၀၀၀ |
| ၁၁၂ | ဒေါ်ခင်ခင်လတ် (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၁၁၃ | ဒေါ်စန်းစန်းဝင်း (ချောက်မြို့) | ၃၀၀,၀၀၀ |
| ၁၁၄ | ဒေါ်မိုးသီတာ (ချောက်မြို့) | ၃၀၀,၀၀၀ |
| ၁၁၅ | ဦးမြင့်ဇော် (ချောက်မြို့) | ၁၀၀,၀၀၀ |
| ၁၁၆ | ဒေါ်ညိုညိုဝင်း(ချောက်မြို့) | ၁၅၀,၀၀၀ |
| ၁၁၇ | ဒေါ်သော်သော်ဇင်(ချောက်မြို့) | ၁၀၀,၀၀၀ |
| ၁၁၈ | ဦးထွန်းဖေ(ချောက်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၉ | Mandalay Schooner International Trading Co., Ltd (ကျောက်တံတားမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၂၀ | ဦးလှသိန်း (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၂၁ | ဦးသိန်းထွန်း(ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၂၂ | ဦးစိုးနောင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၂၃ | ဒေါ်သန်းသန်းငွေ(ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၁၂၄ | ဦးနိုင်ထူးမြင့်(ကျောက်ပန်းတောင်းမြို့) | ၁၅၀,၀၀၀ |
| ၁၂၅ | ဦးငွေအောင်ကျော်(ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၁၂၆ | ဒေါ်တင်မာကြူ(ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၁၂၇ | ဦးသိန်းနိုင်(ကျောက်ပန်းတောင်းမြို့) | ၂၆၀,၀၀၀ |
| ၁၂၈ | ဦးအောင်သောင်း (ကျောက်ပန်းတောင်းမြို့) | ၁,၀၀၀,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

**ထားဝယ် ဖေဖော်ဝါရီ ၅**
(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကိုယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာ ကျင်းပရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေးကြီးသည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ရန် လိုအပ်ကြောင်း ၊ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးများက အခမ်းအနားပြင်ဆင်ရေး၊ စစ်ရေးပြ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာငွေသုံးစွဲမှုစာရင်းရှင်းလင်းရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ ကြိုဆိုနေရာချထားရေးနှင့်ပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့်လုပ်ငန်း ကော်မတီအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသော ကော်မတီဝင်များက ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညွှန်ကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# အထူးဒေသ(၄) နမ့်ပန်းဒေသမှ နေရပ်ပြန်မြန်မာအလုပ်သမား ၂၀၉ ဦးကို မိုင်းယုမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ ပို့ဆောင်

**မိုင်းယု ဖေဖော်ဝါရီ ၅**
ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့သို့ အထူးဒေသ(၄) နမ့်ပန်းဒေသ၌ နေရပ်ပြန်မြန်မာအလုပ်သမား၂၀၉ ဦးကို ဖေဖော်ဝါရီ ၃ ရက်က မိုင်းယု - ကျိုင်းယဲန်းတံတားမှ တစ်ဆင့် မိုင်းယုဘက်သို့ သက်ဆိုင်ရာအဖွဲ့များက ပို့ဆောင်ပေးသည်။

**လက်ခံကြိုဆို**

အဆိုပါ နေရပ်များဖြစ်ကြသည့် နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ ပဲခူး၊ မကွေး၊ တနင်္သာရီ၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အမျိုးသား ၁၄၀ ၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း အလုပ်သမား၂၀၉ ဦးတို့ကို ဖေဖော်ဝါရီ ၃ ရက်ကအထူးဒေသ(၄) နမ့်ပန်းဒေသမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအိုက်စိုင်းမွန်းနှင့် အဖွဲ့က မိုင်းယု-ကျိုင်းယဲန်း တံတားပေါ်တွင် လွှဲပြောင်းပေးကာ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မိုင်းယောင်းမြို့နယ် စခန်းမှူးရဲမှူး မျိုးမြင့်ဦးနှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးတို့က လက်ခံကြိုဆိုကြသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် နေရပ်ပြန်အလုပ်သမားများကို မြို့မရပ်ကွက်ရှိ ကားကြီးကွင်းအနီးတွင် မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာအဖွဲ့တို့က မိမိဒေသသို့ နိုင်ငံတော်က သတ်မှတ်ထားသည့်အတိုင်း အဆင့်ဆင့်သွားရောက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက လိုအပ်သည့် လူဦးရေစာရင်းကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အစားအသောက်များ ဝေပေးခြင်း၊ သတ်မှတ်လိုင်းကားများ စီးနင်းနိုင်ရန် စီစဉ်ပေးခြင်းများ ပြုလုပ်ပေးကြပြီး မိုင်းယုမြို့မှတစ်ဆင့် မိုင်းယောင်းမြို့သို့ ထွက်ခွာကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ပဲခူး ဖေဖော်ဝါရီ ၅**
ပဲခူးမြို့ဒေသန္တရကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမများသည် ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ အုပ်စုခွဲကာ မြို့ပေါ်ရပ်ကွက်များတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ဒေသန္တရကျန်းမာရေးဌာနအနေဖြင့် လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးပေးခြင်းကို နံနက် ၉ နာရီမှ ၁၂ နာရီအထိဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှော ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးများကို ပထမအကြိမ်ထိုးနှံပေးနေကြောင်း၊ ရက်ကွက်တစ်ခုလျှင် နှစ်ရက်ထိုးနှံပေးသည်။ အဆိုပါ ကာကွယ်ဆေးများထိုးခြင်းဖြင့် အဆုတ်ရောင်ရောဂါများ ဖြစ်ပွားမှုလျော့နည်းလာမည်ဖြစ်ကြောင်း၊ ပထမအကြိမ်ထိုးပြီးသော ကလေးငယ်များကို တစ်လခြားပြီး ဒုတိယအကြိမ် ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း ဒေသန္တရကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဟိန်းထက်(ပဲခူး)**

# ချမ်းအေးသာစံမြို့နယ် မူလတန်းကျောင်းများ ပညာရေးမိသားစုငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပညာရေးဌာနမြို့နယ်ပညာရေးမှူးနှင့် မူလတန်းကျောင်းများ ပညာရေးမိသားစုငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း သိင်္ဂီခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်ပညာရေးမှူး ဦးညီညီနှင့် ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်မူက အမှာစကား ပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ငွေစုငွေချေး သမဝါယမအသင်း လီမိတက်အသင်းဥက္ကဋ္ဌဆရာမကြီး ဒေါ်ခင်မာက အသင်းလုပ်ငန်းဆိုင်ရာများ ကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ချုပ်ရှင်းတမ်းစာရင်းကို ဆရာမ ဒေါ်ခင်မြတ်သူက ဖတ်ကြားပြီး အမှုဆောင်အဖွဲ့အသစ်များ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ အရပ်ရပ်ကို ပြုလုပ်၍ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားကို ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် အသင်းသားများကိုယ်စား ကျောင်းအုပ်ကြီး၃၀က တက်ရောက်၍ အသင်းမှ အသင်းသား ၁၈၃ ဦးအတွက် တစ်ဦးလျှင် အသင်းသားချီးမြှင့်ငွေ၊ အစုပေါ်ချီးမြှင့်ငွေနှင့် ဂျီအမ်စရိတ် အပါအဝင်ငွေကျပ် ၅၅၀၀ စီကို အသင်းဝင်များကိုယ်စား ကျောင်းအုပ်ကြီးများကို ပေးအပ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# အင်တောမြို့တွင် ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေး

**အင်တော ဖေဖော်ဝါရီ ၅**
ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့ တိုက်နယ်ကျန်းမာရေးဦးစီးဌာနမှ အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးငယ်များအား ဖေဖော်ဝါရီ ၃ ရက်က အမှတ်(၅)ရပ်ကွက်ဓမ္မာရုံ၌ ဗီတာမင်အေ တိုက်ကျွေးသည်။

ထိုသို့ တိုက်ကျွေးရာတွင် တိုက်နယ်ကျန်းမာရေးဌာနအမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးအေးသန်းနှင့် ဝန်ထမ်းများက ဗီတာမင်အေဆေးများ တိုက်ကျွေးမှုရက်သတ္တပတ်အဖြစ် ဖေဖော်ဝါရီလပထမပတ်တွင် အင်တောမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်များမှ အမှတ်(၅)ရပ်ကွက်တွင် စုရပ်ထားရှိပြီး တိုက်ကျွေးကြသည်။

ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများက ကျန်ရှိသည့်ရပ်ကွက်နှင့်ကျေးရွာအုပ်စုအတွင်းရှိ စုရပ်အသီးသီး၌ အသက်ခြောက်လမှငါးနှစ် အောက်အရွယ် ကလေးငယ်များ ဆက်လက်တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ခိုင်(အင်တော)**

# ဥက္ကံ- သကြားစက် ကျေးရွာချင်းဆက်မြေသားလမ်းကို ကွန်ကရစ် ဆက်လက်ခင်းကျင်း

**ရန်ကုန် ဖေဖော်ဝါရီ ၅**
တဘူးလှဆည် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဥက္ကံ-သကြားစက်လမ်းပိုင်းကိုမြေသားလမ်းမှ ၁၆ ပေအကျယ်၊ ၉ လက်မထု ကွန်ကရစ်လမ်းအဖြစ် လမ်းပိုင်းအချို့ ခင်းပြီးဖြစ်ရာ ကျန်ရှိသော ၃ မိုင် ၃ ဖာလုံမြေသားလမ်းကို ကွန်ကရစ်လမ်းပိုင်းအဖြစ် ဖေဖော်ဝါရီလဆန်းပိုင်း၌ လုပ်ငန်းစတင်ဆောင်ရွက်နေကြောင်း EM-99 ကုမ္ပဏီမှ သိရသည်။

ဥက္ကံမြို့မှ တဘူးလှဆည်အထိ ၁၇ မိုင်၂ ဖာလုံအရှည်ရှိပြီး ပြည်လမ်းမှသကြားစက်အထိ ၅ မိုင်၂ ဖာလုံမှာ ကတ္တရာလမ်းဖြစ်ရာ ထိုနေရာမှ တဘူးလှဆည်တမံ-၁ ကျေးရွာအထိ မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရာ၌ ကျန်ရှိသော မြေသားလမ်း ၃မိုင် ၃ ဖာလုံကို ယခုလဆန်းပိုင်းတွင် ၁၆ ပေအကျယ်၊ ၉ လက်မထုဖြင့် လုပ်ငန်းစတင်ရန်ပြင်ဆင်လျက်ရှိသည်။ "၁၂ မိုင်အထိ ကွန်ကရစ်လမ်း ခင်းပြီးပြီဆိုတော့



ကျန်တဲ့ ၃ မိုင်နဲ့ ၃ဖာလုံကို ကွန်ကရစ်လမ်းဆက်ခင်းမှာပါ။ အခုပစ္စည်းတွေစုနေပါပြီ။ ကွန်ကရစ်လမ်းကို ၉ လက်မထု၊ ၁၆ ပေအကျယ်ခင်းမှာပါ။ စက်တင်ဘာလလုပ်ငန်းပြီးဖို့ လျာထားပေမယ့် မြန်ဆန်စွာပြီးစီးအောင် ဆောင်ရွက်မှာပါ"ဟု EM-99 ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဇေယျက ပြောသည်။

ထိုလမ်းပိုင်းတွင် ကျေးရွာပေါင်း ၃၀ ကျော်ရှိပြီး ယခင်က မိုးရာသီ ရွှံ့ဗွက်နှင့် နွေရာသီဖုန်ထူသည့်လမ်းဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားအခက်အခဲများရှိခဲ့ပြီး ၁၇ မိုင်၂ ဖာလုံလမ်းပိုင်းကို ကွန်ကရစ်လမ်းခင်းရာ၌ ကျန်နေသောမြေသားလမ်း ၃ မိုင် ၃ ဖာလုံကို အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန် ဆက်လက်ခင်းကျင်းမည်ဖြစ်ရာ ထိုလမ်းပိုင်းတွင် ပေ ၂၀ တံတားနှစ်စင်း၊ ၁၅ ပေတံတားတစ်စင်းနှင့် ရေထုတ်ပြွန် ၁၀ ခုကိုလည်း တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# မိုင်းပန်မြို့နယ်တွင် ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေး

**မိုင်းပန် ဖေဖော်ဝါရီ ၅**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်အတွင်းရှိ မြို့ပေါ်(၄)ရပ်ကွက်နှင့် တပ်နယ်တို့ရှိ အသက်ခြောက်လနှင့် ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင် (အေ)နှင့်သန်ချဆေး တိုက်ကျွေးခြင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဆောင်ရွက်သည်။

မိုင်းပန်မြို့နယ်အတွင်းရှိ တပ်နယ်၊ အရှေ့ရပ်ကွက်၊ အလယ်ရပ်ကွက်၊ ရွာသစ်ရပ်ကွက်နှင့် အနောက်ရပ်ကွက်အတွင်းရှိ အသက်ခြောက်လနှင့် ငါးနှစ်အောက်ကလေးငယ်များအား ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အနောက်ရပ်ကွက်အတွင်းရှိ အသက်ခြောက်လနှင့် ငါးနှစ်အောက်ကလေးငယ်များအား ဖေဖော်ဝါရီ ၄ ရက်တွင်လည်းကောင်း နေရာများခွဲ၍ တိုက်ကျွေးမည်ဖြစ်သည်။ ကလေးငယ်များ ဗီတာမင်ချို့တဲ့ခြင်းမှကာကွယ်ပေးပြီး ကျန်းမာသန်စွမ်း၍ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးကာ ဉာဏ်ရည်ထက်မြက်စေရန်အတွက် ရည်ရွယ်၍ ယခုကဲ့သို့တိုက်ကျွေးရခြင်းဖြစ်ကြောင်း၊ ထိုသို့တိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအဖွဲ့ဝင်များက လိုက်ပါကူညီတိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုဗစ်ကြောင့် ရပ်နားထားခဲ့သော မန္တလေး-ပုဂံ အမြန်ရထားနှင့် လော်ကယ်ရထားများ ပြေးဆွဲ

**နွားထိုးကြီး ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး-ပုဂံ အမြန်ရထားနှင့် လော်ကယ်ရထားများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်တန့်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်မှ စတင်၍ မန္တလေးမှ ပုဂံသို့ ပြေးဆွဲနေပြီဖြစ်ကြောင်း ကြားဘူတာတစ်ခုဖြစ်သည့် နွားထိုးကြီးဘူတာမှ ရုံပိုင်ကြီး၏ ပြောကြားချက်အရ သိရသည်။

မန္တလေး-ပုဂံ အမြန်ရထားကို ဖေဖော်ဝါရီ ၄ ရက် ညပိုင်းမှစ၍ မန္တလေးမြို့မှ ပုဂံသို့ ပြေးဆွဲကာ လော်ကယ်ရထားကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်၍ ပုဂံမှ မန္တလေးသို့ စတင်ပြေးဆွဲသကဲ့သို့ မန္တလေးမှ ပုဂံဘက်သို့လည်း လော်ကယ်ရထားနှစ်စင်း စတင်ထွက်ခွာကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုဂံ-မန္တလေး-ပုဂံ အမြန်ရထားနှင့် လော်ကယ်ရထားများကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြေးဆွဲမှု ၁၀ လကြာ ရပ်နားထားခဲ့ရပြီး ယခု ပြန်လည်စတင်ပြေးဆွဲချိန်တွင် ယခင်အတိုင်း ပုံမှန်စျေးနှုန်းဖြင့်သာ ပြေးဆွဲနေကြောင်း နွားထိုးကြီးဘူတာရုံပိုင်ကြီးက ပြောကြားသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ပြေးဆွဲသည့် မြို့သာ-မြင်းခြံကားရထားများမှာမူ လက်ရှိအချိန်အထိ ညွှန်ကြားချက်မရသေးသဖြင့် ပြေးဆွဲခြင်းမရှိသေးကြောင်း သိရသည်။

**ဌေးမြင့်မောင်**



နွားထိုးကြီးဘူတာသို့ ဝင်ရောက်လာသော ပုဂံ-မန္တလေး လော်ကယ်ရထားတစ်စင်း။

# ညောင်ဦးမြို့နယ်၌ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ကျေးရွာမီးလင်းရေးလုပ်ငန်း ပြီးစီး

**ညောင်ဦး ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေအသီးသီးဖြင့် ဆောင်ရွက်လျက်ရှိရာ တက်မကျေးရွာအုပ်စု တက်မကျေးရွာ၌ လူမှုရေးရန်ပုံငွေ (Corporate Social Responsibility-CSR) ဖြင့် ဆောင်ရွက်ခဲ့သည့် မီးလင်းရေးလုပ်ငန်းများ ဖေဖော်ဝါရီ ၄ ရက်က ပြီးစီးသွားပြီဖြစ်၍ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ် မန်နေဂျာ ဦးဝင်းလွင်ထံမှ သိရသည်။

တက်မကျေးရွာ မီးလင်းရေးအတွက် CSR ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မီးလင်းရေးအတွက် လိုအပ်သည့် ၁၁ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည် သုံးမိုင်ကို တပ်ဆင်တည်ဆောက်ခဲ့ရကြောင်း၊ တပ်ဆင်တည်ဆောက်စရိတ် စုစုပေါင်း ကုန်ကျငွေမှာ ကျပ် ၁၂၈ ဒသမ ၁၆၄ သန်းခန့်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာက ပြောကြားသည်။

ညောင်ဦးမြို့နယ်အတွင်း၌ ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ ယခုမီးလင်းသည့် တက်မကျေးရွာ အပါအဝင် ၁၄၁ ရွာ၌ နိုင်ငံတော်ဓာတ်အားစနစ်မှ မီးရရှိနေပြီဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် တက်မကျေးရွာရှိ နေအိမ်များ၊ ဆေးပေးခန်း၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများတွင် အိမ်သုံးမီတာ တပ်ဆင်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



# ရွှေဘိုမြို့နယ်၌ လယ်မြေဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ရွှေဘို ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကွန်ဆိပ်ကျေးရွာတွင် စိုက်ဧက ၈၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း တစ်လမ်းကို ခင်းပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၅၀ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းပန်းတိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကာ အရှည် ပေ ၅၁၀၀၊ အကျယ် ၁၂ ပေ၊ ထုတစ်ပေ မြေသားခင်းခြင်းနှင့် ၎င်းအပေါ်တွင် ကိုးလက်မထု ဂျင်းခင်းခြင်းလုပ်ငန်းများနှင့်အတူ ရေထုတ်ပြွန်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခမ်းအိအိဖြူထံမှ သိရသည်။



ကွန်ဆိပ်ကျေးရွာနေ တောင်သူ ဦးကျော်အေးက "ရွာမှာ မိုးစပါး၊ နွေစပါးဆိုပြီး တစ်နှစ်ကို နှစ်သီးစိုက်ပါတယ်။ ဆည်ရေသောက်လယ်ဧက ၈၀၀ ကျော်ရှိပြီး ကုန်ထုတ်လမ်းမရှိလို့ လယ်ယာထွက်ကုန်တွေကို ရေဆိုးမြောင်းထဲကတစ်ဆင့် လှည်းတွေနဲ့ ခက်ခဲစွာဖြတ်သန်းသွားလာပြီး သယ်ယူနေရပါတယ်။ လယ်ယာသုံးစက်ကြီးတွေ ဝင်ထွက်ဖို့လည်း ခက်ခဲနေပြီး လယ်ယာထွက်ကုန်တွေ စျေးကွက်ထဲ အချိန်မီမရောက်လို့ နစ်နာမှုတွေလည်း နှစ်စဉ် ကြုံတွေ့နေရပါတယ်"ဟု ပြောသည်။

ယခု ကုန်ထုတ်လမ်းဖောက်လုပ်မှု ပြီးစီးသွားပါက တောင်သူများအနေဖြင့် မိုးစပါး၊ နွေစပါးတို့ကို အချိန်မီစိုက်ပျိုး၍ လယ်ယာလုပ်ငန်းခွင်သုံး ခေတ်မီလယ်ထွန်စက်ကြီးများနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ထွက်ကုန်သီးနှံများကို ထော်လာဂျီများ၊ မော်တော်ယာဉ်များဖြင့် စျေးကွက်အတွင်းသို့ အချိန်ကုန်သက်သာ စရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ပြောကြားသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# နတ်မောက်မြို့နယ်၌ လယ်ယာမြေဧက ၃၀၀ ကျော်ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိ

**နတ်မောက် ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မူလခွင့်ပြုရန်ပုံငွေ ကျပ် ၂၀ ဒသမ ၁၆ သန်းကို အသုံးပြုကာ ဘန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းတစ်လမ်းကို ဖောက်လုပ်ပေးလျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်/ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် စျေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူလခွင့်ပြုရန်ပုံငွေ ကျပ် ၂၀ ဒသမ ၁၆ သန်း အသုံးပြုကာ ဘန်းကုန်းကျေးရွာ၌ အရှည် ပေ ၄၆၂၀၊ အကျယ် ၁၂ ပေ ကုန်ထုတ်လမ်းကို ကျောက်ရောမြေ ၁ပေထုနှင့် မြေနီကျောက်စရစ် ၉ လက်မထု ခင်းပေးခြင်းဖြစ်ပြီး လမ်းလုပ်ငန်းကို Data Myanmar ကုမ္ပဏီက တာဝန်ယူ၍ ဇန်နဝါရီ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများကို ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းသူရက ပြောကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဘန်းကုန်းကျေးရွာရှိ လယ်ယာမြေ ဧက ၃၀၀ ကျော်မှ ထွက်ရှိသော လယ်ယာထွက်ကုန် သီးနှံများကို စျေးကွက်သို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ဆက်လက်ပြောကြားသည်။

**သော်ဇင်အောင်(နတ်မောက်)**

# ပွင့်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ပျိုးရာတွင် ပျိုးပင်စိုက်ပျိုးခြင်းကို တောင်သူများ အားထားလုပ်ကိုင်လာ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများ မိုးရာသီကာလက စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများကို နုတ်သိမ်းချိန်တွင် ကြက်သွန်နီစျေးနှုန်းများ ကျဆင်းနေ၍ သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါးခဲ့သဖြင့် လာမည့် နွေရာသီကြက်သွန်နီစျေးကွက်တွင် စျေးကောင်းရရှိရေးအတွက် မျှော်လင့်ကာ စီးပွားဖြစ်စိုက်ပျိုးရေးကို အားထားလုပ်ကိုင်နေကြကြောင်းနှင့် ကြက်သွန်နီစိုက်ပျိုးရာတွင်လည်း ယခင်ကလို ကြက်သွန်ဥကို စိုက်ပျိုးသည့်အစား အထွက်နှုန်းပိုကောင်းသော ပျိုးပင်စိုက်ပျိုးနည်းစနစ်ကို အားထားလုပ်ကိုင်လာကြကြောင်း ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စီးပွားဖြစ်လုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် စပါး၊ နှမ်း၊ မြေပဲ၊ ကြက်သွန်နီ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ နေကြာ၊ ကုလားပဲနှင့် အခြား ဟင်းသီးဟင်းရွက် စားပင်သီးနှံ မျိုးစုံကို စိုက်ပျိုးကြကြောင်း၊ ပြီးခဲ့သည့် မိုးရာသီကာလက တောင်သူများစိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမွန်ခဲ့သော်လည်း လက်ရှိအချိန်တွင် ကြက်သွန်နီစျေးနှုန်းများ ကျဆင်းနေ၍ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများအနေဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ် နည်းပါးကာ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က မိုးကြက်သွန်နီ ပေါ်ချိန်မှာ တစ်ပိဿာကို ကျပ် ၁၅၀၀၊ ၂၀၀၀ နှုန်းအထိ ရောင်းချခဲ့ရတော့ ကြက်သွန်နီစိုက်ပျိုးတဲ့တောင်သူတွေအားလုံး အဆင်ပြေကြတယ်။ ဒီနှစ်မှာတော့ မိုးကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်ချိန်မှာ စျေးနှုန်းက တစ်ပိဿာကို ကျပ် ၃၀၀၊ ၄၀၀ လောက်ပဲ ရောင်းချရလို့ စိုက်ပျိုးစရိတ်နဲ့တွက်ရင် တွက်ခြေမကိုက်ဘူး ဖြစ်နေတယ်။ အရင်းအနှီးစရိတ်တွေနဲ့ တွက်ရင် အကျိုးအမြတ်မရဘူး။ ဒါကြောင့် တောင်သူတွေက နွေရာသီကာလမှာ ကြက်သွန်နီစျေးကောင်းရရှိဖို့ မျှော်လင့်ပြီးတော့ အားထားစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရာမှာလည်း အရင်နှစ်တွေက ဥစိုက်စနစ်နဲ့ စိုက်ပျိုးကြပြီး အခုနှစ်မှာတော့ ပိုပြီးအထွက်တိုးတဲ့ ပျိုးပင်စိုက်နည်းစနစ်နဲ့ ပြောင်းလဲစိုက်ပျိုးနေကြပါတယ်။ နောက်ပြီး ပျိုးပင်ဝယ်ယူပြီး စိုက်ပျိုးတာဟာ ဥစိုက်စနစ်နဲ့ စိုက်ပျိုးတာထက် ကုန်ကျစရိတ်ကိုလည်း သက်သာစေပါတယ်။ နွေကြက်သွန်နီစျေးကွက်မှာ စျေးကောင်းရရှိဖို့အတွက် တောင်သူတွေအနေနဲ့ မျှော်လင့်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးရဲမင်းက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည့် ကျေးရွာများမှာ အင်းနက်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြူဝင်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာတို့ဖြစ်ပြီး မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း စိုက်ပျိုးကြကာ သုံးရာသီလုံး စိုက်ပျိုးသော်လည်း မိုးရာသီနှင့် ဆောင်းရာသီတွင် အများဆုံး စိုက်ပျိုးလုပ်ကိုင်ကြကာ နွေရာသီတွင် စိုက်ပျိုးမှုနည်းကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# UNBREAKABLE III ပြိုင်ပွဲတွင် ထီရယ်လ်ထန် ဒုတိယအချီ၌ အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ONE Championship က စီစဉ်သည့် UNBREAKABLE III အမည်ရပြိုင်ပွဲကို ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီက စင်ကာပူနိုင်ငံ၌ ကျင်းပရာ မြန်မာ MMA ကစားသမား ထီရယ်လ်ထန်သည် ဒုတိယအချီ၌ အနိုင်ရခဲ့သည်။




ထီရယ်လ်ထန်သည် အင်ဒိုနီးရှားကစားသမား ပေါလ်လူမီဟီနှင့် တွေ့ဆုံခဲ့ပြီး ဒုတိယအချီ ၂ မိနစ် ၂၅ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ပထမအချီကတည်းက ပြိုင်ဘက်ကစားသမားကို အသာစီးက ထိုးသတ်နိုင်ခဲ့သော်လည်း ဒုတိယအချီမှသာ ပွဲသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ဒုတိယအချီတွင် ပွဲသိမ်းနိုင်ရန်အတွက် အားပိုထည့်လာပြီး လက်သီးချက်များဖြင့် တရစပ်ထိုးသတ်ရာ ပေါလ်လူမီဟီ အထိနာလာပြီး ၂ မိနစ် ၂၅ စက္ကန့်တွင် ဒိုင်လူကြီးက အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ONE Championship နှင့် လက်တွဲအပြီး သုံးပွဲထိုးသတ်ရာတွင် သုံးပွဲစလုံး အနိုင်ရထားသည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် ပြိုင်ပွဲထိုးသတ်ပြီးနောက်ပိုင်း တစ်နှစ်ကျော်ကြာမှ ပြန်လည်ထိုးသတ်ရသော်လည်း အကောင်းဆုံးပုံစံဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# မအူပင်မြို့ ညောင်ဝိုင်းကျေးရွာ၌စက်သုံးဆီသိုလှောင်ရုံ မီးလောင်မှုဖြစ်

**မအူပင် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာ မအူပင်-ကျိုက်လတ် ကားလမ်းဘေးရှိ ပိုင်ရှင် ဦးအောင်ချစ်ဆန်း (၄၀နှစ်)၏ စက်သုံးဆီသိုလှောင်ရုံတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဆီတိုင်ကီအား သံဂေါက်ဖြင့်ဖွင့်ရာမှ ပွတ်တိုက်မှုကြောင့် မီးစထွက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အလျားပေ ၅၀၊ အနံပေ ၈၀ သွပ်မိုး/သွပ်ကာ ကွန်ကရစ်ခင်း စက်သုံးဆီသိုလှောင်ရုံကို မီးလောင်သဖြင့် မီးလောင်ရာနေရာသို့ မအူပင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်သော သန္ဓေ တပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က မီးငြိမ်းသတ်ယာဉ်ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ ပျိုးခင်းသစ်ဖောင်ဒေးရှင်းမှ ရေသယ်ယာဉ် တစ်စီး၊ ကျိုက်လတ်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် (၅၀x၈၀)ပေ သွပ်မိုး၊ သွပ်ကာ ကွန်ကရစ်ခင်း ဆီသိုလှောင်ရုံ တစ်ရုံ တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၊ ဒီဇယ် ၁၅ ပီပါတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၊ ခတ်ဆီနှစ်ပီပါ တန်ဖိုးငွေကျပ် ၂၀၀၀၀၀၊ အင်ဂျင်ဝိုင် နှစ်ပီပါတန်ဖိုး ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၄၉၀၀၀၀၀ ဆုံးရှုံးကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ မီးပေါ့ဆသူ မန်နေဂျာ ဦးသက်ချိုအား မအူပင်မြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မီးလောင်မှုကြောင့် ဆီဆိုင်အလုပ်သမားနှစ်ဦးမှာ ခြေထောက်နှင့် လက်များ မီးဟပ်ဒဏ်ရာ (မစိုးရိမ်ရ) များရရှိသဖြင့် မအူပင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် လူသေဆုံးမှုမရှိကြောင်း သိရသည်။

**အောင်မြင့်မြတ်(မအူပင်)**

# ကျောက်မဲမြို့နယ်တွင် ပြောင်းဆန်များ တင်ဆောင်လာသော ယာဉ်တစ်စီးတိမ်းမှောက်၍ သုံးဦးသေဆုံး

**ကျောက်မဲ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ဟဲကွီကျေးရွာအုပ်စု နမ့်ဟန်ခိတ်ကျေးရွာနှင့် ဟဲကွီကျေးရွာကြားတွင် ဖေဖော်ဝါရီ ၃ ရက်က ပြောင်းဆန်များ တင်ဆောင်လာသော ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကာ အမျိုးသမီးသုံးဦး အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာနေရာသို့ ကမ်းလင့်လက်များ လူမှုကူညီရေးအသင်း (နောင်ပိန်)မှ လူနာတင်ယာဉ် သုံးစီး၊ Five Star လူမှုကူညီရေးအသင်း (ကျောက်မဲ)မှ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်ကူညီကာ ဒဏ်ရာရ၊ သေဆုံးသူများကို ကျောက်မဲမြို့နယ်ရှိ နောင်ပိန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၁ စီး၊ သွင်းကုန် ၄၈၉ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၁၅ ဒသမ ၇၅၀ တန်ဖိုးရှိတရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများဆိုက်စုံ (225Kg) နှင့် ပစ္စည်းသယ်ဆောင်လာသောယာဉ် တစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။ **သတင်းစဉ်**

▼*ကျောဖုံးမှ*

အသင်းတို့ပွဲစဉ်ကို ယနေ့ ည ၇ နာရီတွင် ဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗီလာအသင်းသည် ပရီမီယာလိဂ်ပွဲ ၂၀ ကစားပြီး ရမှတ် ၃၂ မှတ်ရရှိထားကာ အမှတ်ပေးဇယား အဆင့် ၉ နေရာတွင် ရပ်တည်နေသည်။ အာဆင်နယ် အသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၃၁ မှတ်ဖြင့် အဆင့် ၁၀ နေရာတွင် ရပ်တည်နေသည်။ ကစားရန် လက်ကျန်နှစ်ပွဲရှိနေသေးသည့် အက်စ်တွန်ဗီလာနှင့် အာဆင်နယ်အသင်းတို့၏ ရမှတ်ကွာဟမှုမှာ တစ်မှတ်သာရှိနေပြီး အမှတ်ပေးဇယား ၉ နှင့် ၁၀ က အသင်းနှစ်သင်း တွေ့ဆုံနေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ ထို့အပြင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်သင်းစလုံး ရှုံးနိမ့်ထားသည့်အတွက် ယခုပွဲစဉ်ကို နိုင်ပွဲရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။

### ဘန်လေနှင့် ဘရိုက်တန်

ဘန်လေနှင့် ဘရိုက်တန်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၉ နာရီတွင် ဘန်လေအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘန်လေအသင်းက ၂၁ ပွဲကစားပြီး ရမှတ် ၂၂ မှတ်ဖြင့် တန်းဆင်းဇုန် အထက်နားတွင် ရပ်တည်နေသည်။ ဘရိုက်တန်အသင်းက ၂၂ ပွဲ ကစားပြီး ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၁၅ နေရာတွင် ရပ်တည်နေသည်။ ဘန်လေအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ချယ်ဆီး၊ မန်စီးတီး အသင်းနှစ်သင်းကို ရှုံးနိမ့်ထားသော်လည်း ဘရိုက်တန်အသင်းက စပါး၊ လီဗာပူးစသည့် အသင်းကြီးနှစ်သင်းကို နှစ်ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ ခြေတက်နေသော ဘရိုက်တန်တို့ အသာရမလား စောင့်ကြည့်ရမည်ဖြစ်သည်။

နယူးကာဆယ်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို ယနေ့ည ၉ နာရီတွင် နယူးကာဆယ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းနှစ်သင်း ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရရှိထားသည်။ ယခုနှစ်ရာသီခြေစွမ်းအရ ဆောက်သမ်တန်အသင်းက နယူးကာဆယ်အသင်းထက် အနည်းငယ်အသာရနေသည်ကို တွေ့ရသည်။

### ဖူလ်ဟမ်နှင့် ဝက်စ်ဟမ်း

ဖူလ်ဟမ်နှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၇ ရက် နံနက်အစောပိုင်းတွင် ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အမှတ်ပေးဇယားတွင် တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် ဖူလ်ဟမ်အသင်းနှင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းထားနိုင်သည့် ဝက်စ်ဟမ်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းနေသည်။ ဖူလ်ဟမ်အသင်းက နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည်။ ထို့အပြင် တန်းဆင်းဇုန်အတွင်းကျရောက်နေသည်ဆိုသည့် ဖိအားကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေ အနိုင်ရရှိရန် ကြိုးပမ်းလာမည် ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းကလည်း ယခုပွဲစဉ်ကို အနိုင်ရရှိလျှင် အဆင့်(၄) နေရာအထိ ယာယီတက်လှမ်းနိုင်မည်ဖြစ်သည့်အတွက် အားစိုက်ကစားလာဖွယ်ရှိနေသည်။

### မန်ယူနှင့် အဲဗာတန်

မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၇ ရက် ၂ နာရီခွဲတွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။ မန်ယူအသင်းသည် ဖေဖော်ဝါရီ ၃ ရက်က အိမ်ကွင်း၌ ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုးဂိုး-ဂိုးမရှိဖြင့် အံ့အားသင့်ဖွယ် အနိုင်ရရှိထားသည်။ လက်ရှိ မန်ယူအသင်းက အမှတ်ပေးဇယား ရပ်တည်မှုအရ ၂၂ ပွဲကစားပြီး ရမှတ် ၄၄ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။ အဲဗာတန်အသင်းက ပွဲ ၂၀ ကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ အဲဗာတန်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် လိဒ်စ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံး နိုင်ပွဲရရှိရန် အကောင်းဆုံးပြင်ဆင်လာဖွယ် ရှိနေသည့်အတွက် ကြည့်ကောင်းမည့်ပွဲကောင်းတစ်ပွဲဖြစ်လာမည် ဖြစ် သည်။ **အောင်ဇော်**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ဖားကန့်၊ ကျိုင်းတုံနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဝရာဇွပ်ကျေးရွာအုပ်စု ရှဒူဇွပ်ကျေးရွာနေ ဒေါ်ဂျာတောင်၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၃၉၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၄၅ မိနစ်တွင် တစ်ရွာတည်းနေ မရွှယ်ဆန့် (ခ) ဒေါ်ရွှယ်၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ကာမိုင်းမြို့ မြစ်ကြီးနား- တနိုင်းသွား ကားလမ်း၊ ဘန်ကောက်ကျေးရွာ အနီးတွင် ဦးမပော်လဖုန် မောင်းနှင်ပြီး မလဖိုင်ထု (ခ) မထု လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၃၆ ကီလိုကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တောင်ကြီးသွားကားလမ်း ကျိုင်းဖောင်းကျေးရွာ တံတားအနီးတွင် ယောသန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စု နမ့်ဗွတီးကျေးရွာနေ မမာခေါန် (ခ)မာခွမ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၁ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မရွှယ်ဆန့်(ခ)ဒေါ်ရွှယ်၊ ဒေါ်ဂျာတောင်၊ မလဖိုင်ထု(ခ)မထု၊ ဦးမပော်လဖုန် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂၊ မြေကွက်အမှတ်၁၂၁၆၊ အကျယ်(40'x60')၊ မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်၁၂၁၆၊ငွေပြည်သာ(၂)လမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်နှင်းရည် (MUN–109616) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မြမြဝင်း ၁၂/ဥကတ(နိုင်)၀၄၅၁၀၀မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ ထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)
### ဒက္ခိဏခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၁၀၈

| | | |
|---|---|---|
| ဦးဇော်မြင့် | နှင့် | ၁။ ဒေါ်ဥမ္မာခိုင် |
| | | ၂။ ဦးရဲထွန်းဦး |
| **တရားလို** | | **တရားပြိုင်များ** |

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြမာလာလမ်း၊ အမှတ် (၃/၆၂၁၈)နေ ဦးရဲထွန်းဦး (ဘ)ဦးကျော်စိန် (ယခုနေလိပ်စာ မသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဇော်မြင့်က ပစ္စည်းခွဲဝေပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကိုကိုနိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ဒက္ခိဏခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် ၁၃၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်၏(၅လွှာA)၊ အကျယ်အဝန်း(၁၂.၅x ၅၀)ပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်မြတ်သူ ၁၂/အလန(နိုင်)၀၄၀၈၈၄ က ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နော်လယ်ဝါးဖော ၁၂/လသယ(နိုင်)၀၃၇၄၇၉ မှ အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နေမျိုး**
**အထက်တန်းရှေ့နေ(စဉ်– ၄၈၅၈၃)**
**အမှတ် ၇၀၊ မယ်စီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉– ၉၅၂၂၁၁၈၀၊ ၀၉– ၇၆၉၃၆၈၅၄၀**

## အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်၊ ရေးလမ်းသွယ်၊ အမှတ် (၁၆၉/က)နေ ဦးသိန်းဇော် ၆/ထဝန(နိုင်)၀၆၃၉၃၁ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်၊ ရေးလမ်းရှိ အကွက်အမှတ်(၁၄)၊ ထိန်လယ်အနောက်၊ ဦးပိုင်အမှတ်(၆၄+၆၅)အိမ်ရာမြေနှင့် ယင်းဦးပိုင်မြေပေါ်ရှိ အမှတ် (၁၆၉)၊ နှစ်ထပ်တိုက်၊ ဆီးစက်အဆောက်အအုံတို့မှာ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးထွန်းကြည်–ဒေါ်ခင်စောတို့၏ ပစ္စည်းရပ်များဖြစ်ကြပါသည်။ မိဘများကွယ်လွန်ပြီးနောက် ဖော်ပြပါပစ္စည်းရပ်တို့အား သားသမီးများဖြစ်ကြသည့် ဦးသိန်းဇော်၊ ဒေါ်မြသိန်း၊ ဒေါ်မေသိန်း၊ ဒေါ်ရီရီလှဲ့၊ မသီရိအေးတို့က အမွေကြောင်းအရ ပူးတွဲ၍ ဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဦးထွန်းကြည်–ဒေါ်ခင်စောတို့၏သား ဦးသိန်းဇော်၏ ခွင့်ပြုချက်၊ သဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖော်ပြပါ မြေနှင့်အဆောက်အအုံအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ တစ်စုံတစ်ရာ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသိန်းဇော်** | **ဦးအေးကြိုင် (ဥပဒေတွဲ့)** |
| **၆/ထဝန(နိုင်)၀၆၃၉၃၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၉၉၆)** |
| | **အမှတ် (၄၃)၊ ရေးလမ်း၊ ဝဲကျွန်းထိန်သစ်ရပ်၊** |
| | **ထားဝယ်မြို့** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်တွင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်–

**ဆောင်ရွက်ရမည့်လုပ်ငန်း**

– ကျောင်းသူ (၁၁၀ ဆံ့) RC (၅)ထပ် (၁၄၀' x ၃၆' x ၅၃')
(ခုတင်၊ စာကြည့်စားပွဲ+ ကုလားထိုင်၊ ထမင်းစားခန်းထမင်းစားပွဲ+ကုလားထိုင်အပါ)
(ရေ၊ မီးအတွင်း၊ အပြင်၊ မိလ္လာ)၊ အဆောင်မှူးအိမ်(၄၀'x ၂၀')(RC)နှစ်ထပ်
အပါလုပ်ငန်း**(၂)နှစ်လုပ်ငန်း**

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈–၂–၂၀၂၁ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၆–၂–၂၀၂၁ ရက် ညနေ ၄နာရီ နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်မြို့) ဖြစ်ပါသည်။

၄။ တင်ဒါနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါရွေးချယ်ရေးအဖွဲ့ ဖုန်း– ၀၁– ၆၄၅၇၅၃၊ ၀၁– ၆၄၅၇၄၆ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)**

## အမည်မှန်

ကျိုင်းတုံမြို့၊ မူလွန်(ပုံခိတ်)ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ရှောလှ၏ အမည်မှန်မှာ မအီးရှာလှဖြစ်ပါကြောင်းနှင့် ၎င်းဖခင်၏ အမည်မှန်မှာ ဦးချော်လန်ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ ရွှေဝါလမ်းနေ ဦးလှမောင်၏သမီး မမေလတ်ရီ ၅/ဟမလ(နိုင်)၀၁၅၂၆၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅–၃–၁၉၇၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့၊ ရွှေဝါလမ်းနေ ဦးဖေမောင်၏သမီး မအေးအေးမြင့် ၅/ဟမလ(နိုင်)၀၁၅၁၄၄၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄–၉–၁၉၆၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာနေ ဦးကျော်ခင်၏သား မောင်ကျော်ဇင် ၅/ဟမလ(နိုင်)၀၅၁၄၄၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆–၁၀–၁၉၇၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ် (၆)လမ်း၊ အမှတ် (၁၀၃၇)ဟု ခေါ်တွင်သော ပေ (၄၀x၆၀) ပါမစ်မြေကွက်အား ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မူမူ ၁၂/ရကန(နိုင်)၀၁၁၁၀၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သွင် ၇/ပတန(နိုင်)၀၀၃၉၃၅၈က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း အဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သွင်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၀၇)**
**အမှတ် (၁၆၇)၊ ရော (၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၄၀၆၉၄၊ ၀၉–၇၆၅၀၄၀၆၉၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ငွေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၈၈ဟု ခေါ်တွင်သော(၁)ခန်းတည်း(၇)ထပ်တိုက် အဆောက်အအုံ၏ (၄–လွှာ) အကျယ်အဝန်း (၁၈ပေ x ၇၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူလက်ရောက်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်ခင်ခင်ငွေး ၁၂/ရပသ(နိုင်)၀၇၅၁၉၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဘုမောင် (LL.B)(စဉ်–၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း(LL.B)(စဉ်–၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**လင်း – အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် ရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉– ၅၁၁၈၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ဇေယျဝတီ ၃လမ်း၊ အမှတ် ၂၅၈ ဟုခေါ်တွင်သည့် (အလျား ၁၄ပေ x အနံ ၅၄ပေ)ရှိ တတိယထပ်(ဘီ) (ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟ၍ရောင်းချရန် ကမ်းလှမ်းလာသူ ဦးသိန်းစိုး ၈/မမန(နိုင်) ၁၀၉၂၀၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန့်ထက်ညီညီ ၁၂/မရက(နိုင်)၁၃၇၃၂၆ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောရှုပါဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်– ၅၂၅၉၃)**
**အမှတ် ၄၈၉/၅လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၂၀၄၀၄၃၇၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
## ဧရာဝတီတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ် –၅/၂၀၂၀–၂၀၂၁)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၀–၂၀၂၁ ဆောင်ရွက်မည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်) (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၂–၂–၂၀၂၁ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါပိတ်မည့်ရက်/အချိန် | – ၃–၃–၂၀၂၁ရက်၊ ၁၅:၀၀နာရီ |
| တင်ဒါဖွင့်မည့်နေရာ | – လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ် (၂) နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | – ၄–၃–၂၀၂၁ရက်၊ နံနက် ၁၀နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ပုသိမ်ခရိုင် ဖုန်း–၀၄၂–၂၁၀၉၉**

ပွဲတော်အုပ် ဆန်ဆိုင်
အရောက်ပို့
:01512443, 0973017656, 095055574

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ ကြာအင်းကုန်းကျေးရွာနေ ဦးတင်ငွေ၏ သမီး ဒေါ်ချိုစန်း ၅/အတန(နိုင်)၀၆၀၇၆၇ ၏မွေးသက္ကရာဇ်အမှန်မှာ ၂၃–၁၀–၁၉၈၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၅)ရပ်ကွက်၊ ပုသိမ်–ရန်ကုန်ကားလမ်းမကြီးဘေးနေ ဦးထွန်းထွန်းဦးက ပုသိမ်မြို့၊ အမှတ် (၁၅)ရပ်ကွက်၊ ကွင်းအမှတ်(၁၆၃– B)၊ ထန်းကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၇– က/၃)၊ မြို့မြေ၊ ဧရိယာ ၀ဒသမ ၁၇ ဧကရှိမြေကို ဦးထွန်းထွန်းဦး အမည်ဖြင့် မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကာယကံရှင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပုသိမ်မြို့နယ်**

## မွေးသက္ကရာဇ်အမှန်

ဇန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ဟန်ထက်ကျေးရွာနေ ဦးမြအောင်၏သမီး မသက်သက်ထွန်း ၁/မစန(နိုင်)၀၃၈၅၄၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁–၄–၁၉၉၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဇန်းမော်ခရိုင်၊ မံစီမြို့နယ်၊ မောရဝတီရပ်ကွက်နေ ဦးစံထွေး၏သမီး ဒေါ်နန်းထွေး ၁/မစန(နိုင်)၀၂၇၁၄၅၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၃–၁၉၈၃ ဖြစ်ပါကြောင်း။ **ဒေါ်နန်းထွေး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ဂ–၁၅)၊ ဆိုင်ခန်းအမှတ်(၁)ဆိုင်ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂) ရပ်ကွက်၊မင်းဝိုင်လမ်း၊ အိမ်အမှတ်(၂/၄၇)နေ ဒေါ်ခင်သန်း ၉/လဝန(နိုင်)၀၃၃၁၇၀ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဆင်သေအုပ်စု၊ လုပ်သားကွက်သစ်၊ အိမ်အမှတ် (၄/၅၃)နေ ဒေါ်ခင်သက်မူ ၉/ပမန(နိုင်)၀၂၈၇၅၄ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့်ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ခ–၄)၊ ဆိုင်ခန်းအမှတ်(၅)ဆိုင်ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅) ရပ်ကွက်၊နယ်မြေ (၂)၊ အမှတ်(၅/၅၂)နေ ဦးဖိုးထွန်း ၉/လဝန(နိုင်)၀၃၇၅၆၉ ဦးဖိုးထွန်း (ကွယ်လွန်) အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အင်တိုင်းသာ ၁လမ်း၊ နယ်မြေ (၁)၊ အိမ်အမှတ် (၅/၄၃)နေ ဒေါ်မာမာဦး ၉/လဝန(နိုင်)၁၉၂၇၁၇သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့်ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)ရှိ ဦးကျော်ထွန်းအောင် အမည်ပေါက်မြေကွက်အမှတ် (၁၁၇၉၊ ၁၁၈၀၊ ၁၁၈၁၊ ၁၂၁၂၊ ၁၂၁၃၊ ၁၂၁၄)၊ ဧရိယာ ၀ဒသမ၃၃၀ ဧကအား ဦးရဲကိုဦး ၉/ကပတ(နိုင်)၂၂၃၄၅၄မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၃ဥက္ကံရပ်၊ ဦးပိုင်အမှတ် (၉၀ᶜ)၊ ဧရိယာ ၀ဒသမ၃၀၂ဧကရှိ ဦးထွန်းစိန်၊ ဒေါ်လှကြည်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဂွန်း ၉/ပမန(နိုင်)၀၁၀၂၁၉မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်အမှတ် (၀၀၃/၂၀၂၁)၊ ရပ်ကွက်ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဦးခင်မောင်၏သမီး ကလေးမြို့၊ အထက (၅)မှ အထပြ ဆရာမ ဒေါ်တီလ်ဗန်း ၄/ဖလန(နိုင်)၀၀၉၃၂၃ နှင့် ဒေါ်တဲလ်ဗန်းမှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၉–၄–၁၉၆၅ ဖြစ်ပါကြောင်း။ **ဒေါ်တီလ်ဗန်း(ခ) ဒေါ်တဲလ်ဗန်း**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

ကလေးမြို့နယ်၊ သဖန်းအိုင်ရွာနေ မမြင့်မြင့်ဇော် ၅/ကလထ(နိုင်)၁၁၅၀၀၅ နှင့် မခင်မြင့်မြင့်ဇော်မှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးတင်ပြုံး ၅/ကလထ(နိုင်)၀၇၄၈၆၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အမှတ် (၂)ရပ်ကွက်နေ မဇင်မာလွင် ၅/ကလဝ(နိုင်)၀၄၅၇၂၂ ၏ဖခင် အမည်မှန်မှာ ဦးမောင်လွင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈–၈–၁၉၉၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာနေ ဒေါ်ဘောက်ဂျန် ၅/ဟမလ(နိုင်)၀၅၆၆၂၈ ၏ မိဘအမည်မှန်မှာ ဦးငင်းထန် (ခ)ဦးမင်းဒင်နှင့် ဒေါ်ခေါ်ရင်(ခ)ဒေါ်ခွန်ရင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၀–၅–၁၉၈၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃–ရန်အောင်တောင်၊ ၁၆၄၇–အလယ်ရပ်)၊ ဦးပိုင်အမှတ် (၁၄၆၊ ၃၁၄+၈၉၊ ၃၁၅)၊ ဧရိယာ ၀ဒသမ၁၂၀ ဧကရှိ မြေကွက်ကို ဒေါ်စုစုအေး အမည်ဖြင့် မြေဂရန်အမည်ပြောင်း ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**မကွေးခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၁၂၇နေ ဦးဝင်းတင် ၁၀/ပမန (နိုင်) ၀၉၁၅၅၃ ၏သား မောင်ကျော်ဇင်ဟိန်း ၁၀/ပမန(နိုင်) ၂၄၆၅၃၁ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပြီး ခွင့်မလွှတ်နိုင်ခြင်းတို့ကို ကျူးလွန်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**(ဖခင်) ဦးဝင်းတင်**
**၁၀/ ပမန(နိုင်)၀၉၁၅၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ–၄၃၄၂)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်တင်တင် ၉/ပမန(နိုင်) ၂၂၇၃၉၇ (ဘ) ဦးတင်ရှိန်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်း ကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေချပါမစ်(စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

# မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ အကြီးအကဲများအား ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအများမှ အကြီးအကဲများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့က မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအများမှ အကြီးအကဲများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားစဉ်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မဲစာရင်း မမှန်ကန်မှုများနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြီးမှူးကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းကွာခြားမှုများ ရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပြန်သည့် မဲစာရင်းမှ မဲအရေအတွက် (၁၀ ဒသမ ၄) သန်းကျော်မှာ မဲမသမာမှုများ ဖြစ်နေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ (၄) ပုံ (၁)ပုံကျော်မှာ မဲမသမာမှုအနေဖြင့်

စာမျက်နှာ ၅ ကော်လံ ၁ ✻

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိပေးကြေညာချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲပြောင်းပေးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းသွားပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်အတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေး ဖြစ်စဉ်များတွင် မဲမသမာမှုများပေါ်ပေါက်ခဲ့သဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိပါသည်။

၃။ သို့ပါ၍ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်း အသိပေးကြေညာလိုက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဂျပန်နိုင်ငံက ဖိုက်ဇာကိုဗစ် ကာကွယ်ဆေးကို ဖေဖော်ဝါရီ ၁၅ ရက်တွင် အတည်ပြုပေးသွားမည်

စာ-၁၃

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၀ တွေ့ရှိ

(၅-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ-၁၅

## ရန်ကုန်အခြေပြု အဝေးပြေးယာဉ်လိုင်းများ ပိတ်သိမ်းမှုမရှိဘဲ ဆက်လက်ပြေးဆွဲလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) အောက်ရှိ ရန်ကုန်အခြေပြုအဝေးပြေးယာဉ်လိုင်းများကို လုံးဝပိတ်သိမ်းမှုမရှိဘဲ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးသို့ စဉ်ဆက်မပြတ် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း YRTA ရုံးမှ သိရသည်။

"ရန်ကုန်အခြေပြု အဝေးပြေးယာဉ်လိုင်းတွေအနေနဲ့ အရင်ကတည်းက အမိန့်တွေ၊ စာတွေ ထုတ်ပြန်ပြီး ပိတ်သိမ်းထားတာ မရှိပါဘူး။ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကတည်းကအတိုင်း လက်ရှိလည်း ပုံမှန်ယာဉ်လိုင်းတွေ ပြေးဆွဲပေးနေပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာတဲ့ကာလမှာလည်း ရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ဌာနအသီးသီးက ထုတ်ပြန်ထားတဲ့ အမိန့်ညွှန်ကြားချက်များနဲ့အညီ လက်ရှိမှာလည်း ပြေးဆွဲပေးနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

YRTA လက်အောက်ရှိ ရန်ကုန်အခြေပြု အဝေးပြေးယာဉ်လိုင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ပိတ်သိမ်းခဲ့ခြင်းမရှိဘဲ ယာဉ်လိုင်းအလိုက် နိုင်ငံတစ်ဝန်းမှ မြို့နယ်အသီးသီးသို့ ပြေးဆွဲပေးလျက်ရှိသည်။ ယင်းသို့ ပြေးဆွဲပေးရာတွင် ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားသောကာလတွင် ထုတ်ပြန်ထားသော ကာကွယ်ရေးနှင့် ပတ်သက်သည့် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ယာဉ်လိုင်းများ လိုက်နာပြေးဆွဲနိုင်ရေး YRTA မှ ကွပ်ကဲကြီးကြပ်ပေးခဲ့သည်။ သို့သော် လိုက်ပါစီးနင်းသည့် ခရီးသည်မရှိခြင်းကြောင့် ခရီးစဉ်လိုင်းအချို့ ရပ်နားခဲ့သော်လည်း အချို့ယာဉ်လိုင်းများမှာ ယနေ့အချိန်ထိ ကုန်စည်ပို့ဆောင်စီးဆင်းမှု အဆင်ပြေစေရန်အတွက် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အောက်ရှိ အဝေးပြေးယာဉ်လိုင်းများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ

စာမျက်နှာ ၁၁ ကော်လံ ၁ ■




## ခြေစွမ်းကောင်းပြသထားနိုင်သည့် မန်ယူတို့ အဲဗာတန်ကို အနိုင်ယူသွားနိုင်မလား

ယနေ့တွင် အာဆင်နယ်၊ မန်ယူစသည့်အသင်းကြီးများ ပါဝင်သော ပရီမီယာလိဂ် ပွဲစဉ် ၂၃ မှ ပွဲစဉ် ငါးပွဲကို ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါပွဲစဉ်များမှာ အက်စ်တွန်ဗီလာနှင့် အာဆင်နယ်၊ ဘန်လေနှင့် ဘရိုက်တန်၊ နယူးကာဆယ်နှင့် ဆောက်သမ်တန်၊ ဖူလ်ဟမ်နှင့် ဝက်စ်ဟမ်း၊ မန်ယူနှင့် အဲဗာတန် အသင်းတို့ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ် ၂၂ ပွဲအပြီးတွင် အမှတ်ပေးဇယားကို မန်စီးတီးအသင်းက ရမှတ် ၄၇ မှတ်ဖြင့် ဦးဆောင်ထားသည်။ အက်စ်တွန်ဗီလာနှင့် အာဆင်နယ်

စာမျက်နှာ ၂၅ ကော်လံ ၅ ▼